
မိတ်ကူးချိုချိုအနုပညာ



# ပုံပြဗုဒ္ဓဝင်

# ILLUSTRATED CHRONICLE OF THE BUDDHA

**Bhikkhu Kusaladhamma**

မြန်မာပြန် - ပါရဂူ


သရုပ်ဖော်ပန်းချီ - ကျော်ဖြူစံ

mgyoe.com



# ပုံပြဗုဒ္ဓဝင်

## မြန်မာပြန်–ပါရဂူ
## သရုပ်ဖော်ပန်းချီ–ကျော်ဖြူစံ



ဤစာအုပ်တွင်
ဗုဒ္ဓဖြစ်စဉ် အခန်းဝေါင်း ၆၉ ခန်းကို
ရွေးချယ်ပြီး ကျောဉ်းကျယ် အလယ်အလတ်
ရေးသားတင်ပြထားပါသည်။ ယခုစာအုပ်တစ်အုပ်တည်းကို
ဖတ်ရုံမျှနှင့် ဗုဒ္ဓဖြစ်စဉ်ဗုဒ္ဓဝင်ကို ချေန်မချွတ်
သိရှိ နားလည်နိုင်မည် ဖြစ်ပါသည်။

ဤဗုဒ္ဓဝင်စာအုပ်၌ အတိတ် သုမေဓာဘဝမှ
စတင်ပြီး ဘုရားအလောင်း၏ နောက်ဆုံးဘဝဖြစ်သော
သိဒ္ဓတ္ထမင်းသား အထိလည်းကောင်း၊
ဘုရားဖြစ်ပြီးနောက် ပရိနိဗ္ဗာန်
ဝင်စံပြောင်းကြွသွားသည် အထိလည်းကောင်း...
ဤဗုဒ္ဓဖြစ်စဉ် ဗုဒ္ဓဝင် တစ်လျှောက်လုံး၌ ပြဆိုခဲ့သော
ဗုဒ္ဓ၏ မဟာစံနမူနာသည်
ဤစာအုပ်ကို ဖတ်သူအားလုံးအတွက်
စေ့ဆော်မှု ပြုရာပြုကြောင်း
ဖြစ်စေနိုင်ပါစေ . . .
ဤစာအုပ်သည် ကဏ္ဍာရှိကျယ်ပြန့်သော
ဗုဒ္ဓစာပေအား စိုးစဉ်းမျှဝင်ဖြစ်စေ အကျိုးပြုနိုင်ပါစေ . . .
ဤစာအုပ်၌ ဖော်ပြပါရှိသော ဗုဒ္ဓဖြစ်စဉ်၊
ဗုဒ္ဓဝင်ကိုလည်းကောင်း သရုပ်ဖော်ပုံများကိုလည်းကောင်း
ဖတ်ရှုပြီး နှလုံးစိတ်ဝမ်း အေးချမ်းမှု ရှိကြပါစေ . . .

ISBN 9789997114570
PYC35
9 789997 114570
8,000.00KS

mgyoe.com

ပုံပြဇာခွင်၊ မြန်မာပြန်-ပါရှု၊ သရုပ်ဖော်ပန်းချီ-ကျော်ဖြူစံ
စာမျက်နှာ ၁၄၂ မျက်နှာ၊ ၁၈.၅ စင်တီ× ၂၅.၅ စင်တီ

ထုတ်ဝေသူ - ဦးဝန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၁၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဒိုးဂိုပ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ ၂၀၀၇ လောကစာပေ၏ ပထမအကြိမ်မှု၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပုံပြဝတ္ထုဝင်
## မြန်မာပြန်-ပါရဂူ
## သရုပ်ဖော်ပန်းချီ-ကျော်ဖြူစံ

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# ပုံပြဗုဒ္ဓဝင်

**ILLUSTRATED**

# CHRONICLE OF THE BUDDHA

**BY**

**BHIKKHU KUSALADHAMMA**

မြန်မာပြန် - ဓါရုရှ

သရုပ်ဖော်ပန်းချီ - ကျော်မြှုခ်

mgyoe.com

mgyoe.com




mgyoe.com



# မာတိကာ


| | | |
|---|---|---|
| | နိဒါန်း...ဆရာတော် ဒေါက်တာကေသရီဓမ္မနန္ဒ | (က) |
| | စီစဉ်သူ၏အမှာစကား | (ခ) |
| | ဘိက္ခုကုသလဓမ္မ၏ မိတ်ဆက်စကား | (ဂ) |
| | ဘိက္ခုကုသလဓမ္မ၏ ကျေးဇူးတင်စကား | (င) |
| | ပါရဂူ၏ အမှာစကား | (စ) |
| | ပန်းချီရေးသူ၏ ကျေးဇူးစကား | (ဆ) |
| ၁။ | ဘုရားလောင်းသုမေဓ | ၂ |
| ၂။ | သုမေဓ၏ အာသီသ | ၄ |
| ၃။ | မိဖုရားကြီး မဟာမာယာ၏ အိပ်မက် | ၆ |
| ၄။ | ဘုရားအလောင်း မီးရှူးသန့်စင်ဖွားမြင်ခြင်း | ၈ |
| ၅။ | အသိတရသေ့ကြီး ရယ်ခန်း၊ ငိုခန်း | ၁၀ |
| ၆။ | နာမကရဏ မင်္ဂလာ | ၁၂ |
| ၇။ | သူငယ်ဘဝနှင့် ပညာသင်ကြားရေး | ၁၄ |
| ၈။ | သားတော်၏ ကရုဏာသဘာဝ | ၁၆ |
| ၉။ | စုလျားရစ်ပတ် လက်ထပ်မင်္ဂလာ | ၁၈ |
| ၁၀။ | ပထမနိမိတ်ကြီး သူအို | ၂၀ |
| ၁၁။ | ဒုတိယနိမိတ်ကြီး သူနာ | ၂၂ |
| ၁၂။ | တတိယနိမိတ်ကြီး သူသေ | ၂၄ |
| ၁၃။ | စတုတ္ထနိမိတ်ကြီး ရဟန်း | ၂၆ |
| ၁၄။ | ထွက်တော်မူ နန်းကစွာပြီ | ၂၈ |
| ၁၅။ | ဆံတော်ကိုပယ် | ၃၀ |
| ၁၆။ | ဗိမ္ဗိသာရ၏ ကမ်းလှမ်းချက်ကို ငြင်းပယ်ခြင်း | ၃၂ |
| ၁၇။ | အာဠာရကာလာမနှင့် ဥဒကရာမပုတ္တ | ၃၆ |


mgyoe.com





| | | |
|---|---|---|
| ၁၈။ | ဒုက္ကရစရိယာ | ၃၈ |
| ၁၉။ | သုဇာတာ၏ နို့ဆွမ်းအလှူ | ၄၀ |
| ၂၀။ | သမ္မာသမ္ဗောဓိဉာဏ် ရပြီ | ၄၂ |
| ၂၁။ | သတ္တသတ္တာဟ | ၄၄ |
| ၂၂။ | တပုဿနှင့် ဘလ္လိက | ၄၆ |
| ၂၃။ | ဓမ္မစကြာဒေသနာ | ၄၈ |
| ၂၄။ | ပထမဦးဆုံး သာသနာပြုများကို စေလွှတ်ခြင်း | ၅၀ |
| ၂၅။ | ဘဒ္ဒဝဂ္ဂီမင်းသားသုံးကျိပ် | ၅၂ |
| ၂၆။ | ကဿပညီနောင်နှင့် မြွေနဂါး | ၅၄ |
| ၂၇။ | ဘုရင်ဗိမ္ဗိသာရ | ၅၆ |
| ၂၈။ | ရှင်မဟာသာရိပုတြာနှင့် ရှင်မဟာမောဂ္ဂလာန် | ၅၈ |
| ၂၉။ | ပထမသံဃာစည်းဝေးသဘင် | ၆၀ |
| ၃၀။ | ပထမဦးဆုံးအကြိမ် ကပိလဝတ်သို့ ဗုဒ္ဓ ကြွတော်မူခြင်း | ၆၂ |
| ၃၁။ | ယသောဓရာ | ၆၄ |
| ၃၂။ | ရာဟုလာ (ပထမဦးဆုံး ရှင်သာမဏေ) | ၆၆ |
| ၃၃။ | အနာထပိဏ်သူဌေး | ၆၈ |
| ၃၄။ | ပသေနဒီကောသလမင်းကြီး | ၇၀ |
| ၃၅။ | သောပါက (ခုနစ်နှစ်သားအရွယ် ရဟန္တာ) | ၇၂ |
| ၃၆။ | အမှိုက်ကျုံးသမား သုနိတ | ၇၄ |
| ၃၇။ | ရောဟိဏီမြစ်ရေကြောင့် | ၇၆ |
| ၃၈။ | မဟာပဇာပတိဂေါတမီ | ၇၈ |
| ၃၉။ | ခေမာ | ၈၀ |
| ၄၀။ | တာဝတိံသာမှ ပြန်အကြွ | ၈၂ |
| ၄၁။ | စိဉ္စမာဏဝိကာ | ၈၄ |
| ၄၂။ | မာဂန္ဒိယာ | ၈၆ |
| ၄၃။ | ပါရိလေယျကဒ္ဒ ဝါကပ်စဉ် | ၈၈ |



mgyoe.com

...yoe.com


| | | |
|---|---|---|
| ၄၄။ | ဗုဒ္ဓ၏နေ့စဉ်ဆောင်ရွက်ချက် | ၉၀ |
| ၄၅။ | ကသိဘာရဒွါဇ | ၉၂ |
| ၄၆။ | ဝိသာခါ | ၉၄ |
| ၄၇။ | အမြင့်မြတ်ဆုံးမင်္ဂလာတရား | ၉၆ |
| ၄၈။ | မေတ္တာစိတ် | ၉၈ |
| ၄၉။ | အာဠာဝက | ၁၀၀ |
| ၅၀။ | [illegible]ကျင့်ဝတ် | ၁၀၂ |
| ၅၁။ | [illegible]က | ၁၀၄ |
| ၅၂။ | [illegible]အာနန္ဒာ | ၁၀၆ |
| ၅၃။ | [illegible]လိမာလ | ၁၀၈ |
| ၅၄။ | [illegible]ရိ | ၁၁၀ |
| ၅၅။ | နန္ဒောပနန္ဒနဂါးမင်း | ၁၁၂ |
| ၅၆။ | ဗကပြဟ္မာ | ၁၁၄ |
| ၅၇။ | မဟာသုနာပြ | ၁၁၆ |
| ၅၈။ | ကိသာဂေါတမီ | ၁၁၈ |
| ၅၉။ | ပဋာစာရာ | ၁၂၀ |
| ၆၀။ | သစ္စကပရိဗ္ဗိုဇ် | ၁၂၂ |
| ၆၁။ | တခြားဘာသာအယူဝါဒများအပေါ် ဗုဒ္ဓ၏သဘောထား | ၁၂၄ |
| ၆၂။ | ဒေဝဒတ် | ၁၂၆ |
| ၆၃။ | နဠာဂီရိ | ၁၂၈ |
| ၆၄။ | ဘုရင်အဇာတသတ် | ၁၃၀ |
| ၆၅။ | ဗုဒ္ဓ၏ ခရီးအဆုံး | ၁၃၂ |
| ၆၆။ | အမ္ဗပါလီ | ၁၃၄ |
| ၆၇။ | မဟာပရိနိဗ္ဗာန် | ၁၃၆ |
| ၆၈။ | ဓာတ်တော်များ ခွဲဝေခြင်း | ၁၃၈ |
| ၆၉။ | သင်္ဂါယနာများ | ၁၄၀ |
| | ကိုယ်ရေးအကျဉ်း | ၁၄၂ |

mgyoe.com



# နိဒါန်း

**ဆရာတော် ဒေါက်တာ ကေသရိဓမ္မနန္ဒ**

**မလေးရှားနှင့် စင်္ကာပူ သာသနာပိုင်ဆရာတော်**

ဘိက္ခုကုသလဓမ္မရေးသားသော ထူးခြားမှုရှိသည့်စာအုပ်အတွက် နိဒါန်းရေးရသောကြောင့် အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။ ဤစာအုပ်သည် စာဖတ်သူများအား ဆွဲဆောင်မှုရှိသော အထူးအားဖြင့် စာဖတ်အလေ့အထ တိုးတက်ရန် စိတ်အားထက်သန်နေကြသော လူငယ်လူရွယ်များကို စိတ်ပါဝင်စားစေနိုင်သည့် စာအုပ်ကောင်းများ လိုအပ်နေချိန်တွင် ဖြည့်တင်းပေးလိုက်သောစာအုပ်ဖြစ်သည်။ ဗုဒ္ဓဖြစ်စဉ်၊ ဗုဒ္ဓဝင်သည် ကမ္ဘာပေါ်ရှိ ဘာသာတိုင်း၊ ဘာသာတိုင်း၌ လိုအပ်နေသည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဖြစ်စဉ် ဗုဒ္ဓဝင်သည် လူသားအားလုံးအတွက် ဖတ်သင့် ဖတ်ထိုက်သော စာအုပ်ဖြစ်နေသည့်အတွက်ကြောင့် ဖြစ်သည်။ ဗုဒ္ဓ၏နမူနာစံပြဖြစ်သော ပညာ၊ ကရုဏာ စွမ်းအား စွန့်လွှတ်မှုသည် ယနေ့ ပြန့်နှံ့နေသောအကြမ်းဖက်မှုနှင့် အမုန်းပွားမှုများနောက် ယောင်မလိုက်ရန်အတွက် လူငယ်များအား နှိုးဆော်မှုပေးရန် ဖန်တီးပေးနိုင်သော တရားတော်များဖြစ်နေသည့်အတွက်ကြောင့် ဖြစ်သည်။

ဗုဒ္ဓဖြစ်စဉ် ဗုဒ္ဓဝင်သည် စိတ်ပါဝင်စားမှုဖြစ်စေသော ဝတ္ထုကြောင်းတစ်ခုလည်း ဖြစ်သည်။ သို့သော်လည်း ဝတ္ထုကြောင်းဆိုသဖြင့် ယခုခေတ်သစ်ယဉ်ကျေးမှု၌ စိတ်တက်ကြွမှုကို ဖြစ်ပေါ်စေသည့် ဝတ္ထုကြောင်းမျိုးနှင့်မူ အကြီးအကျယ် ကွဲပြားခြားနားမှုရှိသည်။ ဗုဒ္ဓ၏ စံနမူနာသည် လူသားများ၏ ယခုပစ္စုပ္ပန်ခေတ်နှင့် အနာဂတ် မျိုးဆက် များအား ပဋိပက္ခများသည် အဟိံသာတရား၊ မေတ္တာတရား၊ အချင်းချင်းနားလည်မှုများဖြင့်ဖြေရှင်းမှသာ ပြေလည်သွားနိုင်သည်ဟူ၍ ညွှန်ကြားပြောပြနေသည်။

အတိတ်ကာလက ဗုဒ္ဓဘာသာအဖွဲ့အစည်းများ၌ ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်ရေးနှင့် ပတ်သက်ပြီး အဖိုးထိုက်တန်သည့် သင်ခန်းစာများကို ညွှန်ကြားပြောပြရုံနှင့်သာ မသင်ကြားဘဲ ဤစာအုပ်ထဲတွင် ပါရှိသကဲ့သို့ ဝတ္ထုအတတ်ပညာနှင့်လည်း အသုံးပြုလျက် သင်ပေးကြသည်။

ကျွန်ုပ်၏ ထက်သန်သောဆန္ဒမှာ ယခုစာအုပ်သည် ကမ္ဘာတဝှမ်း လူအများလက်ဝယ်ရောက်ရှိပြီး မြင့်မြတ်သော ငြိမ်းချမ်းရေးတရားတော်သည် ဗုဒ္ဓဘာသာဝင်များထံသို့သာမက လူသားအားလုံးတို့၏ စိတ်နှလုံး အထိ ရောက်ရှိသွားစေလိုသည်။ တန်ခိုးဣဒ္ဓိပါဒ်အားလုံးထဲက အကြီးကျယ်ဆုံးသည် အဝိဇ္ဇာ အမိုက်မှောင် ဖုံးလွှမ်းနေသောလူတို့အား ကရုဏာနှင့် မေတ္တာတရားလမ်းမသို့ ရောက်ရှိစေသောအခါ၌သာ ဖြစ်ပေါ်လာနိုင်သည်ဟူ၍ ဗုဒ္ဓက ဟောကြားထားတော်မူသည်။ ယခုစာအုပ်သည် ယင်းကဲ့သို့သော တန်ခိုးဣဒ္ဓိပါဒ်မျိုး ပြနိုင်ရန်အတွက် အထောက်အကူဖြစ်လိမ့်မည်ဟူ၍ ကျွန်ုပ် မျှော်လင့်သည်။

ယခုစာအုပ်ထုတ်ဝေရေး၌ ပါဝင်ကြသော လူအားလုံးကိုလည်းကောင်း၊ အထူးအားဖြင့် ကျမ်းပြုဆရာကိုလည်း ကောင်း၊ ပန်းချီဆရာ ကျော်ဖြူစံကိုလည်းကောင်း၊ စီမံကိန်းဒါရိုက်တာ ဟန်ဒကာဝိဇ္ဇာနန္ဒကိုလည်းကောင်း၊ ဘာသာပြန် ဆရာ ပါရဂူကိုလည်းကောင်း ချီးကျူးလိုက်ပါသည်။ အဖိုးထိုက်တန်သော ယခုစီမံကိန်းကို အောင်မြင် အောင်ပြုလုပ်ရေး၌ ပါဝင်ကြသော အားလုံးသောပုဂ္ဂိုလ်များသည် သန္တိနှင့်သုခ ရရှိကြပါစေဟူ၍ ဆုတောင်းလိုက်ပါသည်။ မိမိတို့ အတွက်လည်းကောင်း၊ ဘဝတူလူသားများအတွက်လည်းကောင်း၊ ကျွန်ုပ်တို့အားလုံး အလားတူ သန္တိနှင့် သုခရရှိရေး အတွက်လည်း ဆုတောင်းလိုက်ပါသည်။

***သတ္တဝါအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ***

*ဆရာတော် ဒေါက်တာကေသရိဓမ္မနန္ဒ (ကွာလာလမ်ပူ)*

*ဩဂုတ်လ၊ ၂၀၀၅။*



mgyoe.com

mgyoe.com



## စိစဉ်သူ၏ အမှာစကား

စိတ်နှလုံးထဲတွင် ပြတ်သားသော ပန်းတိုင်နှစ်ခုထားလျက် ယခုစာအုပ်ကို ပြုစုရခြင်းဖြစ်သည်။ ပန်းတိုင်းတစ်ခုမှာ စာဖတ်သူများအား လူ့ယဉ်ကျေးမှုအစဉ်အလာ၌ သမိုင်းဝင် ဗုဒ္ဓအဖြစ် ဆင်းသက်လာသော ဂေါတမဗုဒ္ဓနှင့် မစိမ်းစေရန် အတွက်ဖြစ်သည်။ ဒုတိယပန်းတိုင်မှာ စာဖတ်သူများအား ဗုဒ္ဓ၏ စံပြဘဝဖြစ်စဉ်၊ ဗုဒ္ဓဝင်ကို ပိုပြီးမြတ်နိုးစေရန်နှင့် သန္တိသုခ အစစ်[illegible]န်သို့ ရောက်ရှိရေးလမ်းပေါ် ရောက်သွားအောင် စေ့ဆော်မှု ပြုလုပ်ရန်အတွက်ဖြစ်သည်။ အကယ်၍ ဗုဒ္ဓ၏ တရား[illegible]သနာတော်များကို သင်ကြားလေ့လာစေသည့် အရာတစ်ခုခုရှိသည်ဆိုလျှင် ယင်းအရာဝတ္ထုသည် ဗုဒ္ဓ၏ဘဝ ဖြစ်စဉ်[illegible]င်ဖြစ်ပေလိမ့်မည်။ အဘယ်ကြောင့်နည်း။ ဗုဒ္ဓသည် ဓမ္မ၏ရုပ်လုံးရုပ်သွင်ဖြစ်သည်။ ဗုဒ္ဓ၏ ဘဝဖြစ်စဉ်၊ ဗုဒ္ဓဝင်ကို သင်ကြ[illegible]လေ့လာခြင်းအားဖြင့် ကျွန်ုပ်တို့သည်တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဗုဒ္ဓကိုယ်တိုင် ပြပြအ[illegible]နှင့် ဟောကြားထားသော ဓမ္မကိုလည်း သင်ကြားလေ့လာရာရောက်သည်။

ယခုစာအုပ်ပြုစုရာ၌ စိတ်ပိုင်းဆိုင်ရာ အားထုတ်မှုများနှင့် ရုပ်ပိုင်းဆိုင်ရာ အားထုတ်မှုများကိုလည်းကောင်း၊ အချိန်[illegible]လကိုလည်းကောင်း ပမာဏအတော်များများ ကုန်ဆုံးစေခဲ့ရသည်။ စာအုပ်ပြုစုရသည့်အဆင့်အားလုံးကို တွက်ဆကြည့်လျှင် လေးနှစ်ကာလမက အချိန်ကြာခဲ့သည်။ ဘိက္ခုကုသလဓမ္မ ရေးသားသော အင်္ဂလိပ်ဘာသာ စာမူဖြင့် စီမံကိန်းကို အစပြုခဲ့ရသည်။ တစ်ပြိုင်တည်းမှာပင် ရုပ်ပြပုံများ ထည့်ဖို့ရန်အတွက်လည်း စီစဉ်ရသည်။ ယင်းရုပ်ပြပုံများကို ဦးကျော်ဖြူစံက စာရွက်ပေါ်တွင် ရေဆေးဖြင့်ဆွဲရသည်။ စာမူအကြမ်းဖျင်းရေးပြီးသောအခါ စာမူကို ဆရာပါရဂူက တည်းဖြတ်ပြီး မြန်မာဘာသာပြန်သည်။ တစ်ပြိုင်တည်းမှာပင် စာအုပ်အဖုံးကိုလည်း ရေးဆွဲရသည်။ ထို့နောက် ပုံနှိပ်ရန် အတွက် အထားအသို စီစဉ်ရသည်။ ထို့နောက်အဆင့်မှာ ပုံနှိပ်ခြင်း၊ စာအုပ်ချုပ် ခြင်းဖြစ်သည်။ နောက်ဆုံးအဆင့်မှာ စာအုပ်ထုတ်ဝေဖြန့်ချိ ခြင်းဖြစ်သည်။


ယခုစာအုပ်သည် ကမ္ဘာပေါ်ရှိ ဗုဒ္ဓစာပေအသိုင်းအဝန်းကို ထွန်းလင်းတောက်ပြောင်အောင် အကျိုးပြုလုပ်ဆောင် နိုင်လိမ့်မည်ဟူ၍ မျှော်လင့်ရသည်။ ယခုစာအုပ်ကို ၂၀၀၆ ခုနှစ်တွင် အင်ဒိုနီးရှားဘာသာ ဖြင့် ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့သည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော စာအုပ်သည် မကြာမီ ထွက်ပေါ်လာလိမ့်မည်။ မြန်မာဘာသာစာအုပ်ကမူ ဆရာပါရဂူ၊ ဒေါက်တာစံကျော်ဦး၊ ဒေါက်တာနီလာမြင့်တို့၏ အကူအညီဖြင့် ထွက်ပေါ်လာပါလိမ့်မည်။

ယခုစာအုပ်ထုတ်ဝေဖြန့်ချိခြင်းအားဖြင့် ရရှိလာသော ကုသိုလ်ကောင်းမှုအဖို့ဘာဂကို သတ္တဝါအားလုံးအား အမျှဝေပေးပါ၏။ ကျွန်ုပ်တို့အားလုံး သန္တိသုခ ရရှိကြပါစေ။ သတိသမ္ပဇဉ်နှင့် ပြည့်စုံကြပါစေ။

**ဟန်ဒကာဝိဇ္ဇာနန္ဒ**
စီမံကိန်းဒါရိုက်တာ
ဖော်ပသိကောဖောင်ဒေးရှင်း
အင်ဒိုနီးရှား။

mgyoe.com

mgyoe.com



## တိက္ခုကုသလဓမ္မ၏ မိတ်ဆက်စကား

လွန်ခဲ့သော ၂ နှစ်ခန့်က မစ္စတာဟန်ဒကာဝိဇ္ဇာနန္ဒထံမှ ရုပ်ပြဗုဒ္ဓဖြစ်စဉ် ဗုဒ္ဓဝင်နှင့်ပတ်သက်သော စာအုပ်တစ်အုပ်ထုတ်ဝေရန်အတွက် အတွေးတစ်ခု တင်ပြလာသည်။ မစ္စတာဟန်ဒကာသည် ကျွန်ုပ်နှင့် ဦးကျော်ဖြူစံတို့ကို သူကြိုက်စည်စိတ်ကူးထားသော ဗုဒ္ဓဖြစ်စဉ် ဗုဒ္ဓဝင်ပြုစုရန် တောင်းပန်သည်။ ဦးကျော်ဖြူစံမှာ နာမည်ကျော် ရေးဆွဲပန်းချီဆရာဖြစ်သည်။ စာအုပ်ပြုစုပြီးသောအခါ ဆရာပါရဂူက တည်းဖြတ်ခြင်း၊ မြန်မာပြန်ဆိုခြင်းအလုပ်များဖြင့် အကူအညီပြုပေးမည်ဟု ဝန်ခံထားသည်။

နေ့ရက်ပေါင်းများစွာ ကျွန်ုပ်နေလာခဲ့သော မြန်မာနိုင်ငံ၌ ယင်းဗုဒ္ဓဝင်စာအုပ်ကို ရေးသားပြုစုရန်အတွက် ကျွန်ုပ်တို့သည် ပညာရှင် ရဟန်းရှင်လူများ ရေးသားသော ဗုဒ္ဓဝင်စာအုပ် အမျိုးမျိုးကိုလည်းကောင်း၊ ကလေးသူငယ်များအတွက် ရေးသားပြုစုထားသော ဗုဒ္ဓဝင်အကျဉ်းချုပ်ကိုလည်းကောင်း ကျယ်ကျယ်ပြန့်ပြန့်ဖတ်ရှုကြသည်။ ဤစာအုပ်တွင် ကျွန်ုပ်သည် ဗုဒ္ဓဖြစ်စဉ် အခန်း ၆၉ ခန်းကို ရွေးချယ်ပြီး ရေးသားတင်ပြထားပါသည်။ ဤဗုဒ္ဓဝင်စာအုပ်၌ အတိတ်သုမေဓာဘဝမှ စတင်ပြီး ဘုရားအလောင်း၏ နောက်ဆုံးဘဝဖြစ်သော သိဒ္ဓတ္ထမင်းသားအထိလည်းကောင်း၊ ဘုရင်ဖြစ်ပြီးနောက် ပရိနိဗ္ဗာန်ဝင်စံပြောင်းကြွသွားသည်အထိလည်းကောင်း၊ ယခု ၂၁ ရာစုနှစ်အထိ ခေတ်အဆက်ဆက် ရှင်တော်မြတ်ဘုရား၏ တပည့်သာဝကများ ဘုရားရှင်၏ဒေသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့ခြင်း၊ ဂုဏ်သိက္ခာမြှင့်တင်ခြင်း၊ ပြန့်ပွားထွန်းကားစေခြင်းများ ပြုလုပ်ဆောင်ရွက်ကြပုံကိုလည်းကောင်း ရေးသားဖော်ပြထားသည်။ ဤစာအုပ်ထဲတွင် ပါဝင်သောအခန်းများကို ဖတ်ရှုသူများသည် ဗုဒ္ဓဖြစ်စဉ် ဗုဒ္ဓဝင်အကြောင်းကို သိရှိနားလည်ကြလိမ့်မည်သာမက မြတ်စွာဘုရားနှင့် တပည့်သားသာဝကများ၏ ဘဝဖြစ်စဉ်နှင့်ပတ်သက်သည့် အဖြစ်အပျက်၊ အကြောင်းအရာများစွာကိုလည်းကောင်း၊ မြတ်စွာဘုရားကို ဆန့်ကျင်သူများနှင့်ပတ်သက်သော အဖြစ်အပျက်အကြောင်းအရာများကိုလည်းကောင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ခန့်က လူသားများ ရင်ဆိုင်ခဲ့ရပြီး ယခုခေတ်အထိ တွေ့ကြုံနေကြရသော ဘဝပြဿနာများကို ကိုင်တွယ်ဖြေရှင်းရေးနှင့် ပတ်သက်ပြီး မြတ်စွာဘုရား ညွှန်ကြားထားသည်များကိုလည်းကောင်း ရေးသားဖော်ပြထားသည်။

ဤစာအုပ်ကို ဖတ်ခြင်းအားဖြင့် သဗ္ဗညုတဉ္ဉာဏ်တော်ရှင်ဖြစ်သော မြတ်စွာဘုရားသည်ပင် ရှေးရှေးဘဝက ပြုလုပ်ခဲ့သော အပြုအမူများ၏ အကျိုးဆက်ကို ရှောင်ကွင်းနိုင်ခြင်းမရှိပုံကိုလည်း သင်တို့နားလည်လာကြလိမ့်မည်။ မြတ်စွာဘုရား၏ တပည့်က မြတ်စွာဘုရားအား ဆန့်ကျင်လျက် မြတ်စွာဘုရား၏ သက်တော်ကိုပင် ထိပါးစေရန်အတွက် ကြိုးစားအားထုတ်နေစဉ် အခြားဣသာမစ္ဆရိယ ကြီးမားသော ဘာသာရေးခေါင်းဆောင်များသည် ပြည်သူများ၏ရှေ့မှောက်၌ နည်းမျိုးစုံဖြင့် မြတ်စွာဘုရားအား ဂုဏ်သိက္ခာကျစေရန် ကြိုးစားကြသည်။ အခြားတစ်ဘက်၌လည်း မြတ်စွာဘုရားသည် လူပေါင်းများစွာ ကြည်ညိုလေးစား ကိုးကွယ်ဆည်းကပ်သော၊ အလေးအမြတ်ပြုသော ဆရာအရှင်တစ်ပါးဖြစ်နေပြန်သည်။ ဘဝ၏အနိမ့်အမြင့်နှင့် ပတ်သက်ပြီး မြတ်စွာဘုရားကိုင်တွယ်ပုံသည် မြတ်စွာဘုရားအား ဤကမ္ဘာလောက၌ အကြီးအကျယ်ဆုံးဖြစ်သော ဓမ္မဆရာအဖြစ် သာဓကဆောင်လျက်ရှိနေသည်။

ထို့ပြင် မိမိ၏မိဘများနှင့်လည်းကောင်း၊ မိမိ၏သားတော်နှင့်လည်းကောင်း၊ မိမိ၏တပည့်သာဝကများနှင့်လည်းကောင်း၊ မိမိ၏ ဘာသာရေးနှင့်ပတ်သက်သည့်ဆရာများနှင့်လည်းကောင်း၊ မြတ်စွာဘုရား၏ သဘောထားကိုလည်း



mgyoe.com

mgyoe.com


တွေ့မြင်သိရှိရသည်။ သို့သော်လည်း အခြားဘာသာရေးအမြင်များနှင့် နှိုင်းယှဉ်ကြည့်လျှင် အားလုံးထဲက အကြီးမားဆုံး ထူးခြားချက်မှာ ဗုဒ္ဓဒေသနာတော်၌ အမြင့်ဆုံး၊ အမြတ်ဆုံး သန္တိသုခကို ရရှိရာ ရရှိကြောင်း နည်းလမ်းကို မြတ်စွာဘုရား ညွှန်ကြားဟောပြတော်မူခြင်း ဖြစ်သည်။ ဗုဒ္ဓ၏တရားဒေသနာတော်သည် လူမျိုးမရွေး၊ ဇာတ်နိမ့်ဇာတ်မြင့် မရွေး၊ မိန်းမ ယောက်ျားမရွေး၊ စီးပွားရေးအခြေအနေ အနိမ့်အမြင့် မရွေး၊ လူမှုရေးအဆင့် အနိမ့်အမြင့်မရွေး၊ လူနတ်ပြဟ္မာမရွေး သတ္တဝါအားလုံးအတွက် ဖြစ်သည်။

နိဂုံးချုပ်၍ တင်ပြလိုသော ကျွန်ုပ်၏ မျှော်လင့်ချက်မှာ ဤဗုဒ္ဓဖြစ်စဉ်၊ ဗုဒ္ဓဝင်တစ်လျှောက်လုံး၌ ပြဆိုခဲ့သော [illegible]၏မ[illegible]နမူနာသည် ဤစာအုပ်ကို ဖတ်သူအားလုံးအတွက် စေ့ဆော်မှု ပြုရာပြုကြောင်း ဖြစ်စေနိုင်ပါစေဟူသော မျှော်လင့်ချက်ဖြစ်သည်။ ဤစာအုပ်သည် ကမ္ဘာရှိကျယ်ပြန့်သော ဗုဒ္ဓစာပေအား စိုးစဉ်းမျှပင်ဖြစ်စေ အကျိုးပြုနိုင်ပါစေ။ ဤစာအုပ်[illegible] ဖော်ပြပါရှိသော ဗုဒ္ဓဖြစ်စဉ် ဗုဒ္ဓဝင်ကိုလည်းကောင်း၊ သရုပ်ဖော်ပုံများကိုလည်းကောင်း ဖတ်ရှုပြီး နှလုံးစိတ်ဝမ်း အေးချမ်းမှု ရှိကြပါစေ။

မေတ္တာဖြင့်
**ဘိက္ခုကုသလဓမ္မ**
၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်
ရန်ကုန်။



mgyoe.com



## ဘိက္ခုကုသလဓမ္မ၏ ကျေးဇူးတင်စကား

လူပေါင်းများစွာတို့၏ ကြိုးပမ်းမှုနှင့် စာနာထောက်ထားမှု မပါဘဲနှင့် ဤစာအုပ်ထုတ်ဝေရေး အောင်မြင်မှု ရှိမလာနိုင်ပေ။ ရှေးဦးစွာ ဒေါက်တာ အရှင်ကေသရိဓမ္မနန္ဒအား သူ၏ အချိန်ဒါန်းအတွက် ကျေးဇူးဥပါကာရ ကြီးမားစွာ တင်ရှိရပါသည်။

ဒုတိယကျေးဇူးတင်ရမည့် ပုဂ္ဂိုလ်မှာ ဟန်ဒကာဝိဇ္ဇာနန္ဒဖြစ်သည်။ ဟန်ဒကာသည် ယခုစီမံကိန်းကြီးအတွက် အကြံဉာဏ်ပေးသည်။ ကူညီဆောင်ရွက်သည်။ စာအုပ်အတွက် ထည့်သွင်းဖော်ပြခြင်း၊ စာအုပ်တွင် ရုပ်ပြပုံဖော်ခြင်းနှင့် ပတ်သက်၍ ညွှန်ကြားမှုပေးခြင်း၊ စာအုပ်ဖြစ်မြောက်စေရေးအတွက် ပြုလုပ်ခြင်းစသည်တို့၌လည်း စေတနာထားတကြ ပြဋ္ဌာန်းလျက် ပြုလုပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ကျေးဇူးတင်ရမည့် ပုဂ္ဂိုလ်များမှာ Eli Vijjavati, Sujata Vonny Sidharta နှင့် Lobzang T… du William Sidharta တို့ ဖြစ်သည်။ ထိုပုဂ္ဂိုလ်များသည် ယခုစာအုပ်ဖြစ်မြောက်ရေးအတွက် ကိုယ်ကျိုးမဖက် ခက်ခဲသော အလုပ်များကို လုပ်ကိုင်ဆောင်ရွက်ပေးခြင်းအားဖြင့် အကူအညီပေးသူများဖြစ်သည်။ အခြားကျေးဇူးတင်ရမည့် ပုဂ္ဂိုလ်တစ်ယောက်မှာ ပန်းချီဆရာ ကျော်ဖြူစံ ဖြစ်သည်။ ပန်းချီဆရာ ကျော်ဖြူစံသည် ယခုစာအုပ်ဖြစ်မြောက်ရေးအတွက် ထူးခြားမှုရှိသောသူ၏ ရေဆေးပန်းချီကားများဖြင့် စာအုပ်အသက်ဝင်အောင် ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။ ကျွန်ုပ်တို့အတွက် စေတနာထားကြသော သူ့မိသားစု၏ ကျေးဇူးကိုလည်း မေ့၍မဖြစ်ပေ။

အခြားကျေးဇူးတင်ရမည့်ပုဂ္ဂိုလ်များလည်း ရှိသေးသည်။ ယင်းတို့အထဲက တစ်ယောက်မှာ မနီလာမြင့်ဖြစ်သည်။ မနီလာမြင့်သည် ဤစာအုပ်ထုတ်ဝေရေးအတွက် ကူညီဆောင်ရွက်ကြသော လူများအချင်းချင်း၊ ဘာသာစကား ဆက်သွယ်မှု ပေါင်းကူးတံတားခင်းပေးပြီး စီမံကိန်းကြီး အောင်မြင်အောင် ပါဝင်ဆောင်ရွက်သူဖြစ်သည်။ နောက်တစ်ယောက်မှာ ကိုဝင်းနိုင်ဖြစ်သည်။ ကိုဝင်းနိုင်သည် ဤစာအုပ်အတွက် ဂရပ်ဖစ်ဒီဇိုင်းဖြင့် အကူအညီပေးပြီး စာအုပ်ပြီးစီးအောင် ဆောင်ရွက်ပေးသူဖြစ်သည်။ ကျွန်ုပ်တို့အား အစစအရာရာ ကူညီပေးသော ကိုမျိုးသိန်းကိုလည်းကောင်း၊ စာမူကို တည်းဖြတ်ပေးသော၊ မြန်မာဘာသာပြန်ဆိုပေးသော စာရေးဆရာ ပါရဂူကိုလည်းကောင်း ကျေးဇူးအထူးတင်ရှိပါသည်။

ဓမ္မတိုင်းပြည်၌ ကျွန်ုပ်တို့ရှိနေစဉ်အတွင်း အကူအညီပေးကြသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာ ပြုတက္ကသိုလ်မှ စာသင်ဖော်၊ စာသင်ဖက်များကိုလည်း ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

နောက်ဆုံး ကျေးဇူးတင်စကား ပြောကြားရမည့် ပုဂ္ဂိုလ်များမှာ ကျွန်ုပ်၏ ဆရာများ၊ ကျွန်ုပ်၏ မိဘများ၊ ကျွန်ုပ်၏ ဆွေမျိုးညာတိများ၊ ကျွန်ုပ်အမည်နာမဖော်ပြဖို့ ပျက်ကွက်သော အကျိုးလိုလားသူများ ဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်များကိုလည်း အူလှိုက်သည်းလှိုက် ကျေးဇူးဥပကာရတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

**ဘိက္ခုကုသလဓမ္မ**



mgyoe.com

mgyoe.com

mgyoe.com



## ပါရဂူ၏ အမှာစကား

ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားသော တိုင်းပြည်တိုင်း၌ မိမိတို့၏ ဘာသာစကားအသီးသီးဖြင့် ဗုဒ္ဓဖြစ်စဉ် ဗုဒ္ဓဝင်ကို ရေးသားကြသည်။ ထို့ကြောင့် ကမ္ဘာပေါ်၌ အတ္ထုပ္ပတ္တိ အရေးခံရသူ အတ္ထုပ္ပတ္တိရှင်များထဲတွင် အရေအတွက်အများဆုံး အတ္ထုပ္ပတ္တိရှင်ကို ပြောပြပါဆိုလျှင် ဗုဒ္ဓဖြစ်သည်ဆိုသည့်အကြောင်း ပြောပြရလိမ့်မည်။ အင်္ဂလိပ်ဘာသာသည် ကမ္ဘာသုံး ဘာသာဖြစ်နေ၍ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ဗုဒ္ဓဝင်စာအုပ်အရေအတွက်သည် အခြားဘာသာစကားဖြင့် ရေးသားထားသော ဗုဒ္ဓဝင်စာအုပ်များထက် အရေအတွက် ပိုများသည်။ အင်္ဂလိပ်ဘာသာဖြင့် ပထမဦးဆုံးရေးသားသော ဗုဒ္ဓဝင်မှာ ခရစ်ယာန်ဘုန်းတော်ကြီး အိဂန်ဒတ်ရေးသော ဗုဒ္ဓဝင်ဖြစ်သည်။ ဗုဒ္ဓဘာသာနိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံ၌သည်။ မြန်မာဘာသာဖြင့် ရေးသားထားသော ဗုဒ္ဓဝင်စာအုပ်များ မရေမတွက်နိုင်လောက်အောင်ပင် အရေအတွက်များပြားသည်။ ယင်းမြန်မာဘာသာဖြင့် ရေးသားထားသော ဗုဒ္ဓဝင်စာအုပ် အနန္တော အနန္တများထဲက အဓိကကျသော ဗုဒ္ဓဝင်များမှာ ...ခုန်ဆရာတော်ရေးသားပြီး မြစ်ကွေ့ဆရာတော် ဦးပညာဝံသ တည်းဖြတ်သည့် မဟာဗုဒ္ဓဝင်၊ ဇိနတ္ထပကာသနီ၊ တထာဂတဥဒါန ဒီပနီ၊ မာလာလင်္ကာရ၊ သုဓမ္မဝတီ ဗုဒ္ဓဝင်၊ ဇမ္ဗူမိတ်ဆွေဗုဒ္ဓဝင်၊ အတွဲပေါင်းများစွာဖြင့် ထုတ်ဝေထားသော ဆရာတော် ဦးဝိစိတ္တသာရ၏ ဗုဒ္ဓဝင်များဖြစ်ပြီး ဆိုက်ကြီးဆိုက်သေး ဆိုက်မျိုးစုံနှင့် ထုတ်ဝေထားသော အခြားဗုဒ္ဓဝင်များလည်း အများအပြားရှိသည်။

အမှန်က ပါဠိဘာသာဖြင့်ရှိနေသော ဗုဒ္ဓဝံသနှင့်တကွသော နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံသည် ဗုဒ္ဓ၏ဖြစ်ကြောင်းကုန်စင် ဗုဒ္ဓဝင်ကို ရေးသားထားသော ကျမ်းစာများသာဖြစ်သည်။ မြန်မာဘာသာဖြင့်လည်းကောင်း၊ အခြားဘာသာစကားများဖြင့်လည်းကောင်း ရေးသားထားသော ဗုဒ္ဓဝင်စာအုပ်များသည် ဗုဒ္ဓဝံသနှင့် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို အခြေခံပြီး ရေးသားထားသော ဗုဒ္ဓဝင်ကျမ်းစာများဖြစ်သည်။ သို့သော်လည်း မိမိတို့၏အမြင် မိမိတို့၏ရှုထောင့်မှ ရေးသားထားကြသည်ဖြစ်၍ တစ်ကျမ်းနှင့်တစ်ကျမ်း ညီတူညာတူ ဖွင့်ဆိုရေးသားထားခြင်းများ မဟုတ်ပေ။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ဗုဒ္ဓဝင်စာအုပ် ကြီးကြီးငယ်ငယ် ရှယ်ရှယ်စားစားများသည်လည်း တစ်အုပ်နှင့်တစ်အုပ် ဦးတည်ချက်နှင့် ဆိုလိုရင်းအဓိပ္ပာယ် ကွဲပြားနေကြသည်။ မြန်မာဘာသာစကားဖြင့် ရေးသားထားသော ဗုဒ္ဓဝင်ကျမ်းစာများဖြစ်သည့် ဇိနတ္ထပကာသနီ၊ တထာဂတဥဒါန ဒီပနီ၊ မာလာလင်္ကာရဝတ္ထုတို့သည်ပင် တစ်အုပ်နှင့်တစ်အုပ်မတူ ကွဲပြားခြားနားမှုရှိသည်။

ယခု မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ သာသနာပြုဗုဒ္ဓတက္ကသိုလ်၏ စာသင်သားဖြစ်သူ ဆရာတော် အရှင်ကုသလဓမ္မ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော 'ဧဟိပဿိကော'ဖောင်ဒေးရှင်းမှ မစ္စတာဟန်ဒါကာ၏ကိုယ်စား ရွှေစာပေမှ ထုတ်ဝေမည့် ဗုဒ္ဓဝင်စာအုပ်သည်လည်း တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဖြစ်သည်။ အခန်းပေါင်းများစွာဖြင့် ဗုဒ္ဓဖြစ်စဉ် ဗုဒ္ဓဝင်ကို ရေးသားဖော်ပြထားသော်လည်း အခန်းတစ်ခန်းစီကို မကျဉ်းမကျယ် အလယ်အလတ် စာမျက်နှာများဖြင့် ရေးသားဖော်ပြထားသည်ဖြစ်၍ ဗုဒ္ဓမြတ်စွာဘုရား၏ ဖြစ်ရိုးဖြစ်စဉ် အဖြစ်အပျက်အားလုံးကို ခြုံငုံသုံးသပ်ပြီး ရေးသားထားခြင်းဖြစ်သည်ကို တွေ့မြင်ရသည်။

ယင်းအခြေခံအရ ရေးသားထားသော ဗုဒ္ဓဖြစ်စဉ် ဗုဒ္ဓဝင်ကျမ်းစာဖြစ်၍ ယခုစာအုပ်တစ်အုပ်တည်းကို ဖတ်ရုံမျှနှင့်ပင် အရေးပါအရာရောက်သော ဗုဒ္ဓဖြစ်စဉ် ဗုဒ္ဓဝင်အဖြစ်အပျက်များကို မချန်မခြွင်း ထောင့်စေ့အောင် သိရှိနားလည်ကြမည်မှာ မလွဲကေန်ဖြစ်သည်။

ပါရဂူ

၂၈. ၇. ၂၀၀၇



mgyoe.com

mgyoe.com



## ပန်းချီရေးသူ၏ ကျေးဇူးတင်စကား

မိမိသိရှိလိုသမျှ မေးလျှောက်သော အကြောင်းအရာတို့ကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့မှ မိန့်ကြားလမ်းညွှန်တော်မူသော ရန်ကုန်မြို့၊ ငါးထပ်ကြီးစာသင်တိုက်၊ ပဓာနနာယက ဆရာတော် ဦးနာယက၊ ဦးပါမောက္ခ၊ ဆရာဦးလေးမြိုင် (ဓမ္မရံသီ အယ်ဒီတာချုပ်)၊ (ဆရာဦးသုခ)၊ ဆရာပါရဂူ၊ မောင်နီဝင်း(ပခုက္ကူ)။

မိမိ ရေးဆွဲရန်အတွက် အချိန်အခါနှင့် အခြေအနေဖြစ်စဉ်တို့ကို အချိန်ဇယားဆွဲ၍ ပံ့ပိုးကူညီပေးသူ ဟိပသိကော ဖောင်ဒေးရှင်းမှ မစ္စတာဟန်ဒါကာ (Handaka Vijjananda)၊ ဆရာတော် အရှင်ကုသလဓမ္မ၊ (အင်ဒိုနီးရှား) ဘာသာပြန်ပေးသူ ဒေါက်တာနီလာမြင့်၊ ဒေါက်တာစံကျော်ဦး(ပထမအကြိမ် ထုတ်ဝေသူ)။

ပခုက္ကူမြို့မှ ဖခင်ကြီး ဦးဘစော၊ မိခင်ကြီး ဒေါ်လှခိုင်၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအား နှင့် ပြပွဲဖြစ်မြောက်အောင် ကူညီသူ ပန်းချီမင်းဝေအောင် (New Treasure Art Gallery) နှင့် ပညာရှင်အပေါင်း တို့၏ ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

ဤစာအုပ်ပါ ပန်းချီကား ဗုဒ္ဓဝင် (၆၈) ပုံကို မူရင်းစာရေးသူ အရှင်ကုသလဓမ္မ၊ မစ္စတာဟန်ဒကာ၊ ဆရာပါရဂူနှင့် ပန်းချီရေးသူတို့အဖွဲ့လိုက် ပူးပေါင်းကြိုးပမ်းအားထုတ်မှုဖြင့် (၂) နှစ်ကျော်ကြာ အချိန်ယူရေး ဆွဲခဲ့ရပါသည်။ ဤပုံပြဗုဒ္ဓဝင် စာအုပ်ကို အကြောင်းအမျိုးမျိုးကြောင့် ထုတ်ဝေဖြန့်ချိနိုင်ရန် ထပ်မံအချိန်ယူခဲ့ရပြန်ပြီး ယခုအချိန်မှသာ စာဖတ်သူလက်ဝယ်သို့ ပို့ဆောင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ စာဖတ်သူများအနေနှင့် ကျေနပ်နှစ်သက်ကြလိမ့် မည်ဟု ယုံကြည်မိပါသည်။

ဆရာဇေယျာမောင်၏ 'မဟာဗုဒ္ဓဝင်အကျဉ်းချုပ်' စာအုပ်ပါပုံများမှာ မိမိထံမှ ခွင့်ပြုချက်ရယူပြီး တစ်စိတ်တစ်ပိုင်းမျှကိုသာ အသုံးပြုခဲ့ကြောင်း စာဖတ်သူများအား လေးစားစွာဝန်ခံအသိပေးအပ်ပါသည်။

ကျော်ဖြူစံ

mgyoe.com

mgyoe.com



ပုဏ္ဍရီကံ ယထာ ဝဂ္ဂု
တောယေန နုပလိပ္ပတိ
နုပလိပ္ပါမိ လောကေန
တသ္မာ ဗုဒ္ဓေါသ္မိ ဗြာဟ္မဏ

ရေကြောင့် ထိခိုက်မသွားသော ချစ်စရာ ကြာပန်းကဲ့သို့
ငါသည် လောကတည်းဟူသော အကြောင်းကြောင့် ထိခိုက်မသွားပေ။
ထို့ကြောင့် အို ... ဗြာဟ္မဏ ငါသည် ဗုဒ္ဓဖြစ်လာ၏။



mgyoe.com

mgyoe.com

## ၁။ တုရားလောင်းသုမေဓ

နှစ်ပရိစ္ဆေဒများစွာ ကြာမြင့်လာခဲ့ပြီဖြစ်သော အတိတ်ကာလက အမရဝတီမြို့ သူကြွယ်မိသားစု၌ သား တစ်ယောက် မွေးဖွားလာသည်။ အမည်မှာ သုမေဓဖြစ်သည်။ သုမေဓ ငယ်ရွယ်စဉ်ကပင် မိဘနှစ်ပါးကွယ်လွန် သွားကြသည်။ သုမေဓ ပညာသင်ကြားတတ်မြောက်ပြီး အရွယ်ရောက်လာသောအခါ မိသားစု၏ ဘဏ္ဍာထိန်း သည် အမွေစား အမွေခံဖြစ်သူ သုမေဓအား မိသားစုပိုင် ရွှေငွေရတနာအပြည့်ရှိသည့် ဘဏ္ဍာတိုက်ကို ဖွင့်ပြီးလျှင် ပစ္စည်းစာရင်းနှင့်တကွ ရွှေ ငွေ၊ စိန်၊ ကျောက်၊ ပတ္တမြား၊ ပုလဲစသော ရတနာအားလုံးကို သုမေဓလက်ထဲ အပ်နှံသည်။

တစ်နေ့သောအခါ သုမေဓ စဉ်းစားစိတ်ကူးကြည့်သည်။


'ငါ၏ မိဘများ၊ ဘိုးဘွားအစဉ်အဆက်များသည် ပစ္စည်းဥစ္စာကို ရှာရုံသာရှာနိုင်ခဲ့ကြသည်။ သို့သော်လည်း သူတို့ကွယ်လွန်သွားကြသောအခါ ရွှေဒင်္ဂါးတစ်ပြားမျှကိုပင် ယူဆောင်မသွားနိုင်ကြပေ။ ငါသည် ဇရာအရွယ်ရောက်လာလိမ့်မည်။ ဗျာဓိတရား၏ နှိပ်စက်ခြင်းကိုလည်း ခံရလိမ့်မည်။ နောက်ဆုံးပိတ်အချိန် တစ်နေ့သောအခါ၌ မလွဲမသွေ သေခြင်းတရားကို ရင်ဆိုင်ရလိမ့်မည်။ ထို့ကြောင့် ဤဥစ္စာပစ္စည်းများကို စွန့်လွှတ် ပြီး တောအတွင်းသွားလျက် ရသေ့ရဟန်း ပြုရလျှင် ကျေးဇူးများပေလိမ့်မည်။ ဤဘဝသံသရာ အနှောင်အဖွဲ့မှ လွတ်မြောက်ရာသို့ သွားသောလမ်းကို မရှာ၍ မဖြစ်တော့ပေ။

ယင်းသို့ အကြံပြုပြီးလျှင် စည်တီးပြီး အမရဝတီတစ်မြို့လုံး၌ စည်ဆော်သွမ်းလျက်'ဆန္ဒရှိသူ မည်သူမဆို ငါ၏ပစ္စည်းဥစ္စာများကို လာယူကြလော့'ဟု ကြေညာလိုက်သည်။ နေရာပေါင်းများစွာမှ လူပေါင်းများစွာတို့သည် သုမေဓထံ သို့လာပြီး သုမေဓ၏ ပစ္စည်းဥစ္စာများကို အလိုရှိသလောက်ယူကြသည်။

ယင်းကဲ့သို့ အလှူဒါနကြီး လှူဒါန်းပေးကမ်းပြီးသောအခါ သုမေဓသည် လောကီလူ့ဘောင်ကို စွန့်ခွာလျက် ဟိမဝန္တာတောင်ခြေသို့ သွားသည်။ ဟိမဝန္တာတောင်ခြေ၌ လောကီလူသားတို့ဝတ်သော သူ၏အဝတ်ကို ချွတ်ပြီးလျှင် သစ်ခေါက်လျှော်တေ အဝတ်ဝတ်လျက် ရသေ့ရဟန်းပြုလိုက်သည်။ ထိုနေ့မှ အစပြု ၍ သုမေဓသည် ရသေ့ရဟန်းများ ကျင့်သုံးသော ဘာဝနာတရားကို လုံ့လထုတ်ပြီး ပွားများအားထုတ်သည်။ မကြာမီ အချိန်ကာလအတွင်းမှာပင် သုမေဓသည် အဆင့်မြင့်တရားအမြင်ကိုလည်းကောင်း၊ တန်ခိုးဣဒ္ဓိပါဒ်ကို လည်းကောင်း ရရှိသူတစ်ဦး ဖြစ်သွားသည်။



mgyoe.com



mgyoe.com

## ၂။ သုမေဓ၏ အာသိသ

တစ်နေ့သောအခါ၌ ဒီပင်္ကရာမြတ်စွာဘုရားသည် အမရဝတီမြို့သို့ ကြွချီတော်မူလာသည်။ အမရဝတီမြို့သူမြို့သားများသည် ဒီပင်္ကရာမြတ်စွာဘုရားနှင့် တပည့်သာဝကများကို နောက်တစ်နေ့အတွက် ဆွမ်းကျွေးဖို့ ပင့်ဖိတ်သည်။ မြို့သူမြို့သားများသည် အမရဝတီမြို့သို့ ဒီပင်္ကရာမြတ်စွာဘုရား ကြွလာမည့်လမ်းတွင် ရှင်းလင်းခြင်း၊ ပြင်ဆင်ခြင်း အလုပ်များကို ပြုလုပ်ကြသည်။ ဒီပင်္ကရာမြတ်စွာဘုရား ကြွလာမည့်လမ်းတွင် ရှင်းလင်းခြင်း၊ ပြင်ဆင် ခြင်းလုပ်နေကြသည်များကို တွေ့ရသော သုမေဓလည်း တစ်တပ်တစ်အား ပါဝင်ကူညီသည်။

သုမေဓရှင်ရသေ့ လမ်းရှင်းလင်းခြင်း၊ ပြင်ဆင်ခြင်းလုပ်နေခိုက်မှာပင် ဒီပင်္ကရာမြတ်စွာဘုရားနှင့် တပည့်သာဝကများ ကြွလာကြသည်။ ထိုအခါ သုမေဓရှင်ရသေ့က ယခုလို ဆုံးဖြတ်ချက်ချလိုက်သည်။

'သည်ရွှံ့နွံများ ရှိနေသောလမ်းတွင် လျှောက်သွားစေပြီးလျှင် မြတ်စွာဘုရားကို ငါ အဆင်မပြေဖြစ်သွားအောင် လုပ်၍ မဖြစ်ပေ။ မြတ်စွာဘုရားနှင့် မြတ်စွာဘုရား တပည့်သာဝကများကို ရှင်း၍ပြင်၍ မပြီးသေးသော ငါတာဝန်ယူထားသည့် လမ်းအစိတ်အပိုင်းပေါ်တွင် ငါ၏ကျောကုန်းကို တံတားအဖြစ်ခင်းကာ လျှောက်သွားစေ သင့်တော်ပေလိမ့်မည်'။


ဒီပင်္ကရာမြတ်စွာဘုရားကို စောင့်ကြိုနေသော လူစုလူဝေးထဲတွင် သုမိတ္တာအမည်ရှိ လုံမပျိုတစ်ယောက်လည်း ပါဝင်သည်။ သုမိတ္တာသည် မြတ်စွာဘုရားအား ကပ်လှူရန် ကြာရှစ်ခိုင် ယူဆောင်လာသည်။ သုမေဓရှင်ရသေ့ကို တွေ့မြင်ရသောအခါ သုမိတ္တာသည် သူ ယူဆောင်လာခဲ့သော ကြာရှစ်ခိုင်ထဲက ငါးခိုင်ကို သုမေဓရှင်ရသေ့အား ပေးလိုက်သည်။

သုမေဓရှင်ရသေ့သည် ရွှံ့ဗွက်အပြည့်ရှိနေသော မြေကြီးပေါ်တွင် အလျားလိုက်မှောက်လျက် လက်ထဲတွင် မြတ်စွာဘုရားအား ကပ်လှူရန် ကြာငါးခိုင် ကိုင်ထားသည်။ ထိုအချိန်၌ သုမေဓရှင်ရသေ့သည် 'ငါသည် အနာဂတ်ကာလ၌ သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားစင်စစ်ဧကန်ဖြစ်ပါစေသား'ဟူ၍ ဆုတောင်းလိုက်သည်။

သုမေဓရှင်ရသေ့နှင့် သုမိတ္တာတို့၏ အပြုအမူများကို တွေ့မြင်ရသောအခါ ဒီပင်္ကရာမြတ်စွာဘုရားက ဗျာဒိတ်တော် မိန့်တော်မူလိုက်သည်။ 'သုမေဓရှင်ရသေ့သည် ဂေါတမအမည်ဖြင့် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တစ်ပါး ဖြစ်လာလိမ့်မည်။ ဤသုမိတ္တာမည်ရှိ လုံမပျိုကမူ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ဖြစ်လာမည့် သုမေဓရှင်ရသေ့၏ ပါရမီဖြည့်ဖက် ဖြစ်လာလိမ့်မည်'။



mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

## ၃။ မိဖုရားကြီး မဟာမာယာ၏ အိပ်မက်

နှစ်ပေါင်း နှစ်ထောင့်ခြောက်ရာကျော်အချိန်ကာလ ဇမ္ဗူဒိပ်ကျွန်း၏ မြောက်ပိုင်း ဟိမဝန္တာတောင်ခြေ၌ သကျတိုင်းပြည် ရှိသည်။ သကျတိုင်းပြည်၏ မြို့တော်မှာ ကပိလဝတ်ဖြစ်သည်။ ထိုအချိန်က ဘုရင်သုဒ္ဓေါဒန သည် ကပိလဝတ်၌ ထီးနန်းစိုးစံနေသည်။ ဘုရင်သုဒ္ဓေါဒန၏ မိဖုရားကြီးမှာ ရုပ်ရည်ရူပကာ တင့်တယ်လှပသော ကောလိယမင်း၏ သမီးတော် မဟာမာယာဖြစ်သည်။


စုလျားရစ်ပတ် လက်ထပ်ပြီးသည်မှာ အချိန်အတန်ကြာပြီဖြစ်သော်လည်း မင်းမိဖုရားနှစ်ပါးတွင် သားသမီးရတနာ မထွန်းကားပေ။ တစ်နေ့သောအခါ၌ ဝါဆိုလပြည့်နေ့တွင် မဟာမာယာမိဖုရားကြီးသည် စောစီးစွာအိပ်ယာမှထလျက် ရေသန့်စင်ပြီးလျှင် စေတနာအပြည့်ဖြင့် အလှူဒါနပြုလုပ်သည်။ ထို့နောက် မိဖုရားကြီးသည် ရှစ်ပါးသီလစောင့်ထိန်းလျက် တစ်နေ့လုံး ဥပုသ်ဝင်နေသည်။

ယင်းလပြည့်နေ့ညတွင် မိဖုရားကြီးသည် အိပ်မက် မြင်မက်သည်။ အိပ်မက်ထဲတွင် နတ်မင်းကြီးလေးပါး တို့သည် သူ့ကိုဝေါယာဉ်တော်ပေါ်တင်ပြီး ဟိမဝန္တာ၌ရှိသော အနဝတတ်အိုင်အနီးက မနောသီလာတလင်သို့ ခေါ်ဆောင်သွားသည်။ ထိုနေရာ၌ မိဖုရားကြီးကို အင်ကြင်းပင်တစ်ပင်၏ အရိပ်အောက်၌ ချထားကြသည်။ ထို့နောက် နတ်မင်းကြီးလေးပါးတို့၏ မိဖုရားများသည် မဟာမာယာမိဖုရားအနီး ချဉ်းကပ်လာကြပြီးလျှင် မဟာ မာယာမိဖုရားကြီးကို အနဝတတ်အိုင်၌ ရေချိုးပေးကြသည်။ ထို့နောက် နတ်အဝတ်တန်ဆာများကို ဆင်ပေးသည်။ နံ့သာပြောင်းများ လိမ်းပေးသည်။ နတ်ပန်းများ ပန်ဆင်ပေးသည်။ ထို့နောက် အနဝတတ်ရေကန်နှင့် မနီးမဝေး၌ ရှိသော ငွေတောင်တစ်ခုထဲက ရွှေခန်းဆောင်ထဲတွင် သိပ်ထားကြသည်။ ထိုအချိန်၌ အိပ်မက်ထဲတွင် မိဖုရားကြီး သည် နှာမောင်းဖြင့် ကြာဖြူတစ်ပွင့်ကို ဆောင်ထားသော ဆင်ဖြူတော်တစ်ကောင် ပေါ်လာသည်ကို မြင်ရပြီး ဆင်ဖြူတော်သည် မိဖုရားကြီးကို လက်ျာရစ်သုံးကြိမ်ပတ်ပြီးလျှင် မိဖုရားကြီး၏ ဝမ်းဗိုက်တွင်းသို့ ညာဘက်နံပါးမှ ဝင်ရောက်လာသည်။ နောက်ဆုံး၌ ဆင်ဖြူတော် ပျောက်ကွယ်သွားပြီး မိဖုရားကြီး အိပ်ရာမှ နိုးလာသည်။

ဟူးရားဖြူ ဟူးရားညိုများက အိပ်မက်ဖတ်ကြသည်။ မိဖုရားကြီးသည် သားတော်တစ်ပါး ထွန်းကား မွေးဖွားလာလိမ့်မည်။ အကယ်၍ သားတော်သည် လောကီလူ့ဘောင်က ခွာရှောင်ပြီး ရသေ့ရဟန်းပြုပါက သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားစင်စစ်ကေန် ဖြစ်လိမ့်မည်။



mgyoe.com


mgyoe.com

mgyoe.com

## ၄။ ဘုရားအလောင်း မီးရှူးသန့်စင်ဖွားမြင်ခြင်း

ဆယ်လကြာပြီး ကိုယ်ဝန်နေ့စေ့လစေ့ ဖြစ်လာသောအခါ မဟာမာယာမိဖုရားကြီးသည် ဘုရင် သုဒ္ဓေါဒန အား 'အရှင်မင်းကြီး ကျွန်မ ဖခမည်းတော်၏ နေပြည်တော် ဒေဝဒဟပြည်သို့ သွားလိုသောဆန္ဒ ရှိပါ၏။ ကျွန်မ၏ ကိုယ်ဝန်လည်း နေ့စေ့လစေ့ဖြစ်လာပြီ'ဟု ခွင့်တောင်းသည်။ ဘုရင်မင်းကြီးက 'ကောင်းပါပြီ'ဟု ခွင့်ပြု လိုက်သည်။

ဘုရင်သုဒ္ဓေါဒနသည် မိဖုရားကြီးကို နောက်လိုက်နောက်ပါ မောင်းမမိသံများ ခြံရံစေပြီးလျှင် အသစ် ပြုလုပ်ဖန်တီးထားသော ရွှေဝေါယာဉ်ပေါ်တင်လျက် အခမ်းအနားဖြင့် ဒေဝဒဟပြည်သို့ ပို့ဆောင်လိုက်လေသည်။


လမ်းခရီး၌ မဟာမာယာမိဖုရားကြီးသည် မောင်းမမိသံများနှင့်အတူ လုမ္ဗိနီဥယျာဉ်ကို ဖြတ်သွားကြရ သည်။ ထိုအချိန်က လုမ္ဗိနီဥယျာဉ်သည် ပင်လုံးကျွတ်ဝေဝေဆာဆာ ပွင့်နေကြသော အင်ကြင်းပွင့်များဖြင့် တန်ဆာဆင်ထားသည်။ အင်ကြင်းပွင့်များ ပင်လုံးကျွတ်ပွင့်နေသော လုမ္ဗိနီသာမော အင်ကြင်းတောရောက်သွား သောအခါ မဟာမာယာမိဖုရားကြီးသည် အေးချမ်းသာယာသော အင်ကြင်းပင်များအောက်၌ ခရီးတစ်ထောက် နားလိုသည့်ဆန္ဒ ဖြစ်ပေါ်လာသည်။ ဝေါယာဉ်တော်ပေါ်မှ ဆင်းစဉ် မိဖုရားကြီးသည် အင်ကြင်းကိုင်းတစ်ကိုင်းကို ညာဘက်လက်ဖြင့် လှမ်းကိုင်လိုက်သည်။ အင်ကြင်းကိုင်းကို လှမ်းကိုင်လိုက်သောခဏ၌ မိဖုရားကြီးသည် ဘုရား အလောင်းကို မီးရှူးသန့်စင်ဖွားမြင်သည်။ ထိုအချိန်မှာ ဘီစီ ၆၂၃ နှစ် ကဆုန်လပြည့်၊ သောကြာနေ့ ဖြစ်သည်။

ဘုရားအလောင်းသည် မွေးဖွားလာလာခြင်း မားမားမတ်မတ်ရပ်လျက် မြောက်ဖက်သို့ ခြေလှမ်းခုနစ် လှမ်း လှမ်းကြွသည်။ ဘုရားအလောင်း၏ ခြေလှမ်းတိုင်း၊ ခြေလှမ်းတိုင်း၏ အောက်ဘက်က မြေကြီးပေါ်၌ ကြာပွင့်တစ်ပွင့်စီ၊ တစ်ပွင့်စီပေါ်လာသည်။ ခြေလှမ်းခုနစ်လှမ်းမြောက်၌ ဘုရားအလောင်းသည် ဆက်မသွားဘဲ ရပ်လိုက်ပြီးလျှင် ညာဘက်လက်ကို ဦးခေါင်းပေါ်၌ မြှောက်လျက် အကြောက်အရွံ့ကင်းမဲ့သော အသံဖြင့် 'ငါသည် လောက၌ အမြင့်မြတ်ဆုံးဖြစ်၏။ ယခုဘဝသည် ငါ၏ အန္တိမဘဝဖြစ်၏။ အနာဂတ်ကာလ၌ ငါ့ဘဝ တစ်ဖန် မွေးဖွားလာတော့မည် မဟုတ်ပေ'ဟု ကြွေးကြော်သည်။

ဘုရားအလောင်း မီးရှူးသန့်စင်ဖွားမြင်သောအခါ၌ ဖွားဖက်တော်ခုနစ်ဦးလည်း ဖွားမြင်လာကြသည်။ ယင်းဖွားဖက်တော်ခုနစ်ဦးမှာ ဘုရင့်သမီးတော် ယသောဓရာ(နောင်သောအခါ ဘုရားအလောင်း၏ ကြင်ယာဇနီး၊ ရာဟုလာ၏မယ်တော်)၊ ဘုရင့်သားတော် အာနန္ဒာ၊ ဘုရားအလောင်း၏ ရထားထိန်း ဆန္န၊ အမတ်ကာဠုဒါယီ၊ ဘုရားအလောင်း၏ စီးတော်မြင်း ကန္တက၊ ဗောဓိပင်၊ ရွှေအိုးကြီးလေးလုံးတို့ ဖြစ်ကြသည်။



mgyoe.com


KYAWPHYUSAN

mgyoe.com

# ၅။ အသိတရသေ့ကြီး ရယ်ခန်း၊ ငိုခန်း

ဘုရားအလောင်း မီးရှူးသန့်စင်ဖွားမြင်လာသောအခါ ဘုရင်သုဒ္ဓေါဒနနှင့် ကပိလဝတ်ပြည်သူပြည်သားများသာမက သုဒ္ဓေါဒနဘုရင်မင်းကြီး၏ ဆရာဖြစ်သော အသိတရသေ့ကြီးလည်း နှစ်ထောင်းအားရပီတိသောမနသာဖြစ်ကြရသည်။ အသိတရသေ့ကြီးကို ကာဠဒေဝိလရသေ့ဟူ၍လည်း ခေါ်ကြသည်။

အသိတရသေ့ကြီးသည် ခဏမဆိုင်းဘဲ သုဒ္ဓေါနမင်းကြီး၏ နန်းတော်သို့သွားသည်။ ဘုရင်မင်းကြီးသည် သားတော်ကလေးကို သူ၏ဆရာဂုရုဖြစ်သူ ရသေ့ကြီးအား ရှိခိုးပူဇော်ခိုင်းလိုသောကြောင့် ရသေ့ကြီးအနီးသို့ ချီယူသွားသည်။ သို့သော်လည်း အံ့သြဖွယ်တွေ့ရသည်မှာ သားတော်ကလေးသည် သူ၏ခြေထောက်ကို ရသေ့ကြီး၏ ဦးခေါင်းပေါ်တွင် တင်ထားလိုက်သည်။ ရသေ့ကြီးသည် တအံ့တသြ ဖြစ်သွားပြီးလျှင် ဘုရားအလောင်း၏ ထူးကဲမှုနှင့် တန်ခိုးဣဒ္ဓိပါဒ်ကို သိရှိနားလည်သွားသည်ဖြစ်၍ ထိုင်နေရာမှ ထလျက်လက်အုပ်ချီပြီးလျှင် ဘုရားအလောင်းကို ရှိခိုးလိုက်သည်။

ယင်းထူးခြားအံ့သြဖွယ်ကို တွေ့မြင်ရသောကြောင့် ဘုရင်သုဒ္ဓေါဒနလည်း သူ၏သားတော်ကလေးကို ဦးညွတ်အရိုအသေပြုလိုက်သည်။ ဘုရင်မင်းကြီးသည် သားတော်လေးကို ပထမဆုံးအကြိမ် အရိုအသေ ပြုလိုက်ခြင်းဖြစ်သည်။

အသိတရသေ့ကြီးသည် သားတော်ကလေး၏ ကိုယ်ခန္ဓာ၌ရှိသော မဟာပုရိသ ယောကျ်ားမြတ်၏ လက္ခဏာကြီး၊ လက္ခဏာငယ်များကို စူးစမ်းစစ်ဆေးကြည့်သည်။ သူ၏ဉာဏ်အမြင်ဖြင့် စဉ်းစားကြည့်သောအခါ သားတော်ကလေးသည် ဗုဒ္ဓစင်စစ်ကေန်ဖြစ်လိမ့်မည်ဟူ၍ သိရှိသွားသည်ဖြစ်၍ ရသေ့ကြီးသည် ဝမ်းသာအားရ ဖြစ်လွန်းလှသဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ သို့ရာတွင် နောက်တစ်ခဏအကြာ၌ပင် ရသေ့ကြီးသည် သည်းထန်စွာ ငိုကြွေးပြန်သည်။

ရသေ့ကြီး၏ အခြေအနေကို မြင်တွေ့ရသောအခါ ဘုရင်မင်းကြီးသည် အကျိုးအကြောင်း သိလို၍ ရသေ့ကြီးကို မေးမြန်းစုံစမ်းကြည့်သည်တွင် ရသေ့ကြီးက ဤသို့ ပြန်လည်ဖြေကြားသည်။

'ကျွန်ုပ် ရယ်မောရခြင်း၏အကြောင်းမှာ သားတော်ကလေးကို ဖူးမြင်ရသည့်အတွက် မိမိအလွန်တရာကံကောင်းသူဖြစ်ပါကလားဟု တွေးပြီးရယ်မောရခြင်းဖြစ်၏။ သားတော်ကလေးသည် မလွဲမသွေ ဘုရားရှင်တစ်ဆူဖြစ်လာလိမ့်မည်။ ကျွန်ုပ် ငိုကြွေးရခြင်း၏အကြောင်းမှာ ကျွန်ုပ်သည် သဗ္ဗညုတဉာဏ်တော်ရှင် ဗုဒ္ဓမြတ်စွာဘုရားကို ဖူးတွေ့ခွင့်ရမှာ မဟုတ်သည့်အတွက် ငိုကြွေးရခြင်းဖြစ်၏။ ကျွန်ုပ်အတွက် အကြီးအကျယ်ဆုံးရှုံးနစ်နာမှုကြီးပင် ဖြစ်လိမ့်မည်။



mgyoe.com




mgyoe.com

mgyoe.com

## ၆။ နာမကရဏ မင်္ဂလာ

ဘုရားအလောင်း မီးရှူးသန့်စင်ဖွားမြင်ပြီးနောက် ငါးရက်ကြာသောအခါ ဘုရင်သုဒ္ဓေါဒနသည် ဗြာဟ္မဏပဏ္ဍိတ် တစ်ရာ့ရှစ်ဦးကို သားတော်ကလေး၏ နာမကရဏ အမည်ပေးမင်္ဂလာအခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားသည်။ ယင်းဗြာဟ္မဏပဏ္ဍိတ် တစ်ရာ့ရှစ်ဦးထဲက ထူးထူးခြားခြား ကျော်ကြားမှုရှိသော ရှစ်ဦးကို ဘုရင်မင်းကြီးက သားတော်ကလေး၏ အနာဂတ်အကြောင်း ပြောပြရန် တောင်းပန်သည်။ ဗြာဟ္မဏပဏ္ဍိတ် ရှစ်ဦးထဲက ခုနစ်ဦးသည် လက်နှစ်ချောင်းထောင်ပြီးလျှင် 'အရှင်မင်းကြီး၏ သားတော်ကလေးတွင် ဖြစ်နိုင်ချေ အလားအလာ နှစ်မျိုးရှိသည်။ အရှင်မင်းကြီး၏သားတော်ကလေးသည် စကြဝတေးမင်း ဖြစ်လိမ့်မည်။ စကြဝတေး မင်း မဖြစ်လျှင်လည်း သမ္မာသမ္ဗုဒ္ဓဖြစ်လိမ့်မည်'ဟု အနာဂတ်ဟောကိန်းထုတ်ကြသည်။ သို့သော်လည်း အငယ်ဆုံး နှင့် ပညာရှိဆုံး ကောဏ္ဍညဗြာဟ္မဏကမူ လက်တစ်ချောင်းထောင်ပြပြီး အခိုင်အမာပြောလိုက်သည်။ 'တစ်မျိုးသာ ဖြစ်နိုင်ချေရှိ၏။ သားတော်ကလေးသည် လောကီလူ့ဘောင်က ခွာရှောင်ပြီး သမ္မာသမ္ဗုဒ္ဓဘုရားစင်စစ် ဧကန်ဖြစ် လာလိမ့်မည်'ဟု ပြောသည်။

ဗြာဟ္မဏများက ဘုရင်မင်းကြီးကို ဆက်ပြောကြသည်။

'ဘုရင့်သားတော်သည် သူအို၊ သူနာ၊ သူသေ၊ ရသေ့ရဟန်းကို တွေ့မြင်ရပြီးသည့်နောက်၌ လောကီ လူ့ဘောင်က ခွာရှောင်ပြီး ရသေ့ရဟန်းပြုလိမ့်မည်'


ယင်းသို့ပြောပြီးလျှင် ဗြာဟ္မဏများသည် သားတော်ကလေးကို 'သိဒ္ဓတ္ထ'ဟူ၍ အမည်ပေးကြသည်။ သိဒ္ဓတ္ထ၏ အဓိပ္ပာယ်မှာ 'အလိုဆန္ဒပြည့်ဝသူ'ဟူ၍ ဆိုလိုသည်။ သိဒ္ဓတ္ထ၏မိသားစုအမည်မှာ 'ဂေါတမ'ဖြစ်သည်။ ထို့ကြောင့် ဘုရားအလောင်းသည် 'သိဒ္ဓတ္ထဂေါတမ'ဟူ၍လည်း အမည်တွင်သည်။

ရက်သတ္တတစ်ပတ်ကြာသောအခါ မဟာမာယာမိဖုရားကြီး ကွယ်လွန်အနိစ္စရောက်သွားသည်။ မဟာ မာယာမိဖုရားကြီး၏ ညီမတော်၊ သုဒ္ဓေါဒနမင်းကြီး၏ ဒုတိယ မိဖုရားကြီး မဟာပဇာပတိ ဂေါတမီသည် အစ်မတော် မဟာမာယာမိဖုရားကြီး၏နေရာတွင် မိဖုရားကြီးဖြစ်လာသည်။ မဟာပဇာပတိဂေါတမီ မိဖုရားကြီးက ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား မွေးဖွားပြီး နှစ်ရက်သုံးရက်လောက်အကြာ၌ နန္ဒမင်းသားကို ဖွားမြင်သည်။ မဟာပဇာပတိဂေါတမီမိဖုရားကြီးသည် သူ၏သားငယ်ကို နို့ထိန်းသည်ထံ အပ်နှံထားပြီးလျှင် သူ၏သားအရင်း ထက်ပင် ဘုရားအလောင်းသိဒ္ဓတ္ထကို ပိုပြီးဂရုစိုက်ကြည့်ရှုသည်။

တစ်နေ့သောအခါ၌ သုဒ္ဓေါဒနဘုရင်သည် သားတော်သိဒ္ဓတ္ထကို လယ်ထွန်မင်္ဂလာ အခမ်းအနားသို့ခေါ် သွားသည်။ သားတော်ကို ကြည့်ရှုစောင့်ရှောက်နေကြသော အထိန်းတော်များသည် သားတော်ကို ငြိမ်းအေးသော ဇမ္ဗုသပြေပင်အရိပ်အောက်၌ တစ်ဦးတည်းထားခဲ့ကြသည်။ မိမိတစ်ကိုယ်တည်းရှိနေသည်ကို သိရသောအခါ သားတော်လေးသည် ထက်ဝယ်ဖွဲ့ ခွေထိုင်နေပြီးလျှင် တိတ်ဆိတ်ငြိမ်သက်စွာ အာနာပါနကမ္မဋ္ဌာန်း ပွားများစီးဖြန်း နေသည်။ ထိုအချိန်၌ ဇမ္ဗုသပြေပင်ရိပ်သည် နေစောင်းသွားသော်လည်း ဖြစ်နေကျ သဘာဝနေပူချိန်ကဲ့သို့ အပင်အောက်က အရိပ်ကို ဖယ်ယူသွားခြင်း မရှိပေ။ ယင်းသို့ ထူးကဲသောအံ့ဘနန်းအဖြစ်အပျက်ကို တွေ့မြင်ရ သောအခါ သုဒ္ဓေါဒနဘုရင်မင်းကြီးသည် ဒုတိယအကြိမ် သားတော်လေးကို ဦးညွှတ်အရိုအသေ ပြုလိုက်ပြန် သည်။



mgyoe.com



mgyoe.com

## ၇။ သူငယ်တဝနှင့် ပညာသင်ကြားရေး


သိဒ္ဓတ္ထမင်းသားကလေးသည် ငယ်ရွယ်စဉ်အချိန်ကာလတစ်လျှောက်လုံး အထိမ်းအယများ၊ မောင်းမမိဿံများ၏ ကြည့်ရှုစောင့်ရှောက်မှုအောက်၌ ကြီးပြင်းလာခဲ့ရသည်။ သူ၏ အထိမ်းအယအားလုံးသည် အရွယ်အားဖြင့်လည်း ငယ်သည်။ ရုပ်ရည်ရူပကာယလည်း တင့်တယ်လှပေသည်။ ကိုယ်ကာယ အချိုးအစားလည်း ပြောစရာ လုံးဝမရှိပေ။ သုဒ္ဓေါဒနဘုရင်မင်းကြီးက သူ၏သားတော်အတွက် ကြာပန်းများ ပွင့်နေသော ရေကန်သုံးကန်ကို ပြုလုပ်ဖန်တီးပေးထားသည်။ ဥပ္ပလရေကန်၌ ကြာညိုပန်းများ ပွင့်နေကြသည်။ ပဒုမ္မာရေကန်၌ ကြာနီပန်းများ ပွင့်နေကြသည်။ ပုဏ္ဍရိကရေကန်၌ ကြာဖြူများ ပွင့်နေကြသည်။

ခုနစ်နှစ်သားအရွယ်ရောက်လာသောအခါ သိဒ္ဓတ္ထမင်းသားကို ပညာသင်ပေးသည်။ သိဒ္ဓတ္ထသည် ဉာဏ်ထက်သော၊ လိမ္မာရေးခြားရှိသော၊ ကျိုးနွံသောတပည့်ဖြစ်သည်။ သင်ကြားရသည့်ဘာသာရပ်များကို သူ၏ဆရာတူတပည့်များထက် အလျင်အမြန်တက်မြောက်ပြီး ကျွမ်းကျင်လိမ္မာဆုံး၊ မည်သည့်အကြောင်းအရာနှင့်ပတ်သက်၍ဖြစ်ဖြစ် အချက်အချာဆုံး တပည့်တစ်ဦးဖြစ်သည်။ လုလင်သိဒ္ဓတ္ထသည် အချိန်ဖြုန်းနေသည်ဟူ၍ မရှိဘဲ အလုပ်လုပ်စရာမရှိသည့်အခါ၌ ဆိတ်ငြိမ်ရာတစ်နေရာသို့သွားပြီး ဘာဝနာတရား ပွားများအားထုတ်နေသည်။

ခတ္တိယမျိုးနွယ်တစ်ဦးဖြစ်သောကြောင့် သိဒ္ဓတ္ထသည် သေနင်္ဗျူဟာ စစ်အတတ်ပညာကိုလည်း သင်ကြားတတ်မြောက်ထားသည်။ လက်ဝှေ့၊ နပန်း၊ မြင်းစီး အတတ်ပညာများကိုလည်း ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားသည်။ လေးအတတ်ပညာနှင့် လက်နက်အသုံးပြုနည်း အတတ်ပညာများကိုလည်း တတ်မြောက်ထားသည်။ သို့သော်လည်း တခြားမည်သည့်သက်ရှိသတ္တဝါများကိုမှ ဒဏ်ရာအနာတရ ပြုလုပ်ခြင်းမရှိပေ။

သိဒ္ဓတ္ထသည် အတော်ဆုံးတပည့်ဖြစ်ပြီး ဘုရင့်သားတော်တစ်ပါးလည်း ဖြစ်နေသည်။ သို့သော်လည်း သူ၏ဆရာသမားများကို အမြဲရိုသေပြီး မည်သည့်အခါမျှ ထော်လော်ကန့်လန့် လုပ်သည် မရှိပေ။ ဆရာသမားများထံတွင် သင်ယူမှ အဖိုးထိုက်တန်သော ပညာဗဟုသုတ ရရှိနိုင်သည်ဟူ၍သာလျှင် သိဒ္ဓတ္ထမင်းသား ယုံကြည်ထားသည်။

mgyoe.com



mgyoe.com

## ၈။ သားတော်၏ ကရုဏာသဘာဝ


သားတော်သိဒ္ဓတ္ထနှင့် သူ၏ရောင်းရင်း သူငယ်ချင်းများ၌ရှိသော ကြီးမားသော ကွာဟချက်မှာ သားတော်သိဒ္ဓတ္ထ၏ သူတစ်ပါးအပေါ် ငဲ့ညှာထောက်ထားသော ကရုဏာတရားဖြစ်သည်။ သူ၏ကရုဏာတရားသည် လူသားများနှင့် ပတ်သက်နေသည်သာမကဘဲ အဟိတ်တိရစ္ဆာန်များနှင့်လည်း ပတ်သက်နေသည်။

တစ်နေ့သောအခါ၌ သားတော် သိဒ္ဓတ္ထသည် သူ၏မိတ်ဆွေရောင်းရင်းသူငယ်ချင်းများနှင့်တကွ ဥယျာဉ်တွင်း၌ ကစားနေသည်။ ကစားနေသူများထဲတွင် သူနှင့်ညီအစ်ကိုဝမ်းကွဲတော်သူ ဒေဝဒတ်လည်း ပါသည်။ ဒေဝဒတ်၏လက်ထဲတွင် လေးနှင့်မြှားကိုင်ထားသည်။ ထိုအခိုက် ဒေဝဒတ်သည် ပျံသွားသော ဟင်္သာငှက်တစ်ကောင်ကို လေးနှင့်ပစ်သည်။ ဒေဝဒတ်ပစ်လိုက်သောမြှားသည် ဟင်္သာငှက်၏တောင်ပံတွင် စိုက်သွားပြီး ဟင်္သာငှက်မြေကြီးပေါ် ကျလာသည်။ သားတော်သိဒ္ဓတ္ထက ဟင်္သာငှက်ကို အကူအညီပေးရန် ပြေးသွားသည်။ ဟင်္သာငှက်တွင် စိုက်နေသော မြှားကို ငြင်ငြင်သာသာ စွဲနုတ်ပြီး ဆေးဖက်ဝင်သော သစ်ရွက်များကို အရည်ထွက်အောင်ညှစ်လျက် သစ်ရွက်အရည်ဖြင့် သွေးမထွက်အောင် ဟင်္သာငှက် အနာဒဏ်ရာထဲ ဆေးရည်ထည့်ပေးသည်။ သိဒ္ဓတ္ထသည် ဟင်္သာငှက်ကို တယုတယပွေ့ပိုက်လျက် အကြောက်ပြေသွားအောင် ပြုလုပ်သည်။

ဒေဝဒတ်သည် သားတော်သိဒ္ဓတ္ထထံမှ ဟင်္သာငှက်ကိုတောင်းပြီး သားတော်သိဒ္ဓတ္ထ၏ လက်ထဲက စိတ်လိုက်မာန်ပါအတင်းလုယူပြီးလျှင် 'ဒီငှက်က ငါ့ငှက်၊ ငါ ပစ်ချလို့ရတဲ့ငှက် ငါ့ကို ပေး'ဟု ဒေါနှင့်မောနှင့် အော်ပြောလိုက်သည်။ သို့သော်လည်း သိဒ္ဓတ္ထမင်းသားသည် ဒေဝဒတ်လက်ထဲက ဟင်္သာငှက်ကို ပြန်ယူပြီးလျှင် ပြောသည် 'ဒီငှက် မင်းကို ငါ ဘယ်တော့မှ မပေးဘူး၊ မင်း သတ်လို့ သေသွားတယ်ဆိုရင် ဒီငှက်ဟာ မင်းငှက်၊ မင်းပိုင်တဲ့ငှက် ဖြစ်နိုင်တယ်၊ ဒါပေမဲ့ ဒီဟင်္သာငှက်ဟာ အနာဒဏ်ရာ ရရုံသာရတယ်။ အသက်မသေဘူး။ ငါ သူ့ကို ကယ်ထားတယ်၊ အဲဒါကြောင့် ဒီငှက်ဟာ ငါ ပိုင်တဲ့ငှက်ဖြစ်တယ်။ ကယ်ဆယ်သူရဲ့ငှက်ဖြစ်တယ်။ ပစ်ချတဲ့လူရဲ့ငှက် မဟုတ်ဘူး။

ထို့နောက် သားတော်သိဒ္ဓတ္ထနှင့် ဒေဝဒတ်တို့သည် သူတို့၏ အငြင်းပွားမှုကို ဖြေရှင်းပေးရန်အတွက် သုခမိန်များ၏ တရားရုံးသို့သွားကြသည်။ သုခမိနများသည် ဆွေးနွေးတိုင်ပင်ကြပြီးလျှင် နောက်ဆုံးတွင် သုခမိန်များထဲက တစ်ယောက်က ကြေညာလိုက်သည်။ 'သက်ရှိ သတ္တဝါအားလုံးသည် အသက်မသေအောင် ကယ်ဆယ်သူ ကာကွယ်စောင့်ရှောင်သူများ၏ အပိုင်ဖြစ်ရမည်။ အသက်သည် ဖျက်ဆီးသတ်ဖြတ်ဖို့ ကြိုးစားသူ၏ အပိုင် မဟုတ်ပေ။ ဤအနာတရဖြစ်နေသော ဟင်္သာငှက်သည် အသက်ရှင်လျက်ပင် ရှိနေသေးသည်။ သိဒ္ဓတ္ထသားတော်က ဟင်္သာငှက်၏ အသက်ကို ကယ်ဆယ်ထားသည်။ ထို့ကြောင့် ဤဟင်္သာငှက်သည် အသက်ကို ကယ်ဆယ်ထားသော သားတော်သိဒ္ဓတ္ထ၏ အပိုင်ဖြစ်ရမည်။

mgyoe.com



mgyoe.com

## ၉။ စုလျားရစ်ပတ် လက်ထပ်မင်္ဂလာ

ဘုရင်သုဒ္ဓေါဒနသည် သားတော်သိဒ္ဓတ္ထနှင့်ပတ်သက်ပြီး ကောဏ္ဍညပြာဟ္မဏ ပြောပြထားသော အနာဂတ်ဟောကိန်းကြောင့် အမြဲမပြတ် ပူပန်သောကရောက်နေသည်။ သားတော်သိဒ္ဓတ္ထ အတတ်ပညာ သင်ကြားပြီး ဆယ့်ခြောက်နှစ်အရွယ် ရောက်လာသောအခါ သားတော်အတွက် နန်းတော်သုံးဆောင်ကို ဆောက်လုပ်ပေးထားသည်။ နန်းတော်သုံးဆောင်မှာ ဆောင်းဥတုကာလ၌ နေထိုင်ရန် ရမ္မနန်းတော်ဆောင်၊ နွေဥတုကာလ၌ နေထိုင်ရန်အတွက် သုရမ္မနန်းတော်ဆောင်၊ မိုးဥတုကာလ၌ နေထိုင်ရန်အတွက် သုဘနန်းတော်ဆောင်များ ဖြစ်ကြသည်။

နန်းတွင်းပညာရှင် အမတ်ကြီးများက ဘုရင်မင်းကြီးကို အကြံဉာဏ်ပေးကြသည်။

'အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ သားတော်သည် ယခုအခါ၌ အရွယ်ရောက်လာပြီ။ သားတော်ကို ဘုရင့်သမီးတော်တစ်ပါးပါးနှင့် စုလျားရစ်ပတ် လက်ထပ်ပေးလျှင် ကောင်းလိမ့်မည်။ လောကီစည်းစိမ်၏ အရသာကို သိသွားလျှင် သားတော်သည် လောကီလူ့ဘောင်က စွန့်ခွာမသွားဘဲ အနာဂတ်ကာလ၌ သားတော်ကို စကြာဝတေးဘုရင်တစ်ပါးဖြစ်စေလိုသော အရှင်မင်းကြီး၏ အကြံလည်း ပြည့်ဝအောင်မြင်လာလိမ့်မည်'

ထို့နောက် သားတော်သိဒ္ဓတ္ထ ကြင်ဖက်ဇနီးအဖြစ် ရွေးချယ်နိုင်အောင် သကျနွယ်ဝင်ဘုရင်များထံ သမီးတော်များကို ကပိလဝတ်နန်းတော်သို့ စေလွှတ်ရန် သတင်းစကား ဖြန့်ဝေပန်ကြားလိုက်သည်။ သို့သော်လည်း သကျနွယ်ဝင်ဘုရင်များက ဤသို့အကြောင်းပြန်ကြားလိုက်သည်။

'သားတော်သိဒ္ဓတ္ထသည် ရုပ်ရည်ရူပကာယ တင့်တယ်လှပသည်မှာ မှန်သော်လည်း အသက်မွေးဝမ်းကျောင်းမှုပညာရပ်တစ်ခုခုနှင့် ပတ်သက်ပြီး ကျွမ်းကျင်မှုမရှိပေ။ သားတော်သိဒ္ဓတ္ထသည် သူ၏မိသားစုကို မည်သို့မည်ပုံ အထောက်အပံ့ပြုနိုင်မည်နည်း။ ကျွန်ုပ်တို့၏ သမီးတော်များကို သားတော်သိဒ္ဓတ္ထလို လူပေါ်ကျော့တစ်ယောက်နှင့် လက်ထပ်မပေးနိုင်ပါ'

ယင်း'ဘူး'ခံသော အဖြေစကားကို ကြားရသောအခါ သုဒ္ဓေါဒနမင်းကြီးသည် သူ၏သားတော်ကို အကျိုးအကြောင်းပြောပြသည်။ သားတော်သိဒ္ဓတ္ထက သူ၏ခမည်းတော်အား ပြန်ပြောသည်။

'ခမည်းတော်. . . လေးအတတ်အပါအဝင် မည်သည့်အတတ်ပညာနှင့် ပြိုင်ရပြိုင်ရ၊ သကျနွယ်ဝင်ဘုရင်အားလုံး၏ ရှေ့မှောက်၌ သားတော်၏ ကျွမ်းကျင်မှုကို ပြပါမည်'ဟု ပြောပြသည်။ သိဒ္ဓတ္ထမင်းသားသည် ခတ္တိယမျိုးနွယ်များ တတ်သင့်တတ်ထိုက်သည့် စစ်သေနင်္ဂဗျူဟာနှင့်ပတ်သက်သော ကျွမ်းကျင်မှုကို ပြသသောအခါ သူနှင့်ယှဉ်ပြိုင်သူ အခြားပုဂ္ဂိုလ်များထက် အဆများစွာ သာလွန်နေသည်ကို တွေ့ကြရသည်ဖြစ်၍ သကျနွယ်ဝင်ဘုရင့်သမီးတော်များ၏ ဖခမည်းတော်အားလုံးသည် သားတော်သိဒ္ဓတ္ထကို အကြီးအကျယ် နှစ်သက်ကျေနပ်သွားကြသည်။

သကျနွယ်ဝင် ဘုရင့်သမီးတော်များသည် သားတော်သိဒ္ဓတ္ထ နှစ်သက်ကျေနပ်လောက်အောင် မိမိတို့ပွဲတိုးမှတိုးပါမည်လားဟူ၍ စိုးရိမ်ကြောင့်ကြမှု ဖြစ်နေကြသည်။ သို့သော်လည်း သားတော်သိဒ္ဓတ္ထသည် သူနှင့်မောင်နှမဝမ်းကွဲတော်သူ အလှကညာပျို ယသောဓရာကို ကြင်ဖက်ဇနီးအဖြစ် ရွေးချယ်လိုက်သည်။ ယသောဓရာသည် ဘုရင်သုပ္ပဗုဒ္ဓနှင့် မင်းသမီး အမိတာတို့၏ သမီးတော်ဖြစ်သည်။ သုဒ္ဓေါဒနဘုရင်မင်းကြီးက သူ၏သားတော်သိဒ္ဓတ္ထအား ယသောဓရာနှင့် စုလျားရစ်ပတ်လက်ထပ်မင်္ဂလာပွဲ ပြုလုပ်ပေးလိုက်သည်။



mgyoe.com

mgyoe.com



mgyoe.com

## ၁၀။ ပထမနိမိတ်ကြီး လူအို

သားတော်သိဒ္ဓတ္ထ နှစ်ဆယ့်ရှစ်နှစ်အရွယ် ရောက်လာသောအခါ မင်းစည်းစိမ်အပြည့်ရှိနေသော ထီးနန်းအတွင်း၌ နေရခြင်းသည် အကျဉ်းသားတစ်ယောက်နှင့် တူနေသည်ဟူ၍ ထင်မှတ်လာပြီးလျှင် ပြင်ပကမ္ဘာကို ကြည့်ရှုလိုသော ဆန္ဒဖြစ်ပေါ်လာသည်။ တစ်နေ့သောအခါ၌ သိဒ္ဓတ္ထမင်းသားသည် သူ၏ဖခမည်းတော်အား နန်းအပြင်ဘက် လှည့်လည်သွားလာခွင့်ပြုရန် ခွင့်ပန်ကြားသည်။


သိဒ္ဓတ္ထမင်းသားသည် သူ၏ယာဉ်ရထားထိန်းဖြစ်သူ ဆန္နနှင့်အတူတကွ နန်းတွင်းသုံး မြင်းဖြူကြီး ကထားသော ဘုရင့်ယာဉ်ရထားဖြင့် နန်းတော်အပြင်ဘက် ထွက်လာပြီးလျှင် မြို့တော်တစ်ဝိုက်၌ လှည့်လည်သည်။ မြို့သူမြို့သားများသည် လမ်းဘေးနှစ်ဖက်၌ ရပ်လျက် စိတ်အားထက်သန်စွာ သားတော်ကို ကြိုဆိုကြသည်။

သို့ရာတွင် ရုတ်တရက် မမျှော်လင့်ဘဲ သူအိုတစ်ယောက်သည် တစ်စုံတစ်ယောက်က တားဆီးပိတ်ပင်ခွင့်မရလိုက်ဘဲ လူစုလူဝေးထဲက ထွက်လာပြီးလျှင် လမ်းပေါ်တွင် ဖြတ်လျှောက်သွားသည်။ သူအိုသည် တစ်ခေါင်းလုံး ဆံပင်ဖြူနေပြီး ညစ်ပေနေသော အဝတ်အစုတ်အပြကို ဝတ်ထားသည်။ လျော့ရိလျော့ရဲဖြစ်နေသော ပါးစပ်ထဲတွင်လည်း သွားတစ်ချောင်းမှ မရှိပေ။ မျက်စိအမြင်ကလည်း မှုန်မှုန်မွှားမွှားဖြစ်နေသည်။ မျက်နှာတစ်ခုလုံး တွန့်ကြောင်းများ အပြည့်ရှိနေသည်။ သူအိုသည် ကိုယ်ကိုမတ်ပြီး ကြာကြာရပ်မနေနိုင်ပေ။ ခါးကုန်းနေသည်။ ကြုံလှီနေသော ကိုယ်ခန္ဓာသည် ယိမ်းထိုးနေသည်။ တောင်ဝှေးထောက်ပြီး သွားရသည်။ လမ်းပေါ်တွင်လျှောက်သွားပြီး လူတစ်ချို့ဆီက တောင်းရမ်းစားသောက်နေသည်။ ပီပီသသ စကားမပြောနိုင်တော့ပေ။ သူအိုသည် ထမင်းမစားရသည်မှာ ကြာပြီဖြစ်၍ ထိုနေ့၌ပင် အစာပြတ်ပြီး သေဆုံးသွားဖို့ရာ ရှိနေသည်။

သူအိုကို မြင်ရသောအခါ သိဒ္ဓတ္ထမင်းသားသည် ထိတ်လန့်တုန်လှုပ်သွားသည်။ သူအိုကို တွေ့မြင်ရသည်မှာ ထိုအကြိမ်သည် သူ၏ဘဝတွင် ပထမဦးဆုံးအကြိမ်ဖြစ်သည်။ ဆန္နက ပြောပြသည်။ 'ထိုသူသည် လူအိုတစ်ယောက်ဖြစ်သည်။ လုလင်အရွယ်ကမူ အားကောင်းမောင်းသန် ဖြစ်သည်။ ကြည့်၍ ကောင်းသူတစ်ယောက်လည်း ဖြစ်သည်။ သို့သော်လည်း အိုမင်းရင့်ရော်လာသည်ဖြစ်၍ ယခုအခါ၌ သူအိုဖြစ်နေပြီ။ သူအိုဘဝကို လူတိုင်းရောက်ရလိမ့်မည်'

သိဒ္ဓတ္ထမင်းသားသည် ယာဉ်ရထားထိန်းဆန္နအား နန်းတော်သို့ ပြန်သွားရန် အမိန့်ပေးလိုက်သည်။ သားတော်သိဒ္ဓတ္ထသည် စိတ်မချမ်းမသာကြီးစွာ ဖြစ်သွားပြီးလျှင် သူအိုကို တွေ့မြင်ရသည်ဖြစ်၍ သံဝေဂရရှိသွားသည်။

mgyoe.com


mgyoe.com

mgyoe.com

## ၁၀။ ဗုတိယနိမိတ်ကြီး ထူနာ

လေးလကြာသွားသည်။ သိဒ္ဓတ္ထမင်းသားသည် သူ၏ခမည်းတော်ထံမှ နန်းအပြင်သို့ တစ်ကြိမ်ထွက်လည်ရန် အခွင့်တောင်းပြန်သည်။ မင်းစိုးရာဇာ လုလင်တစ်ယောက်ကဲ့သို့ ဝတ်စားဆင်ယင်လျက် နောက်တော်ပါး ဆန္နနှင့်အတူ ခြေကျင်လျှောက်သွားသည်။ မြို့အတွင်း၌ အသက်မွေးဝမ်းကျောင်းအတွက် လှုပ်ရှားသွားလာနေကြသော မြို့သူမြို့သားများကို သိဒ္ဓတ္ထမင်းသား တွေ့မြင်ရသည်။

သို့သော်လည်း လမ်းပေါ်တွင် လျှောက်သွားစဉ် ဝေဒနာခံစားနေရသည့်အတွက် 'ကယ်ပါ၊ ယူပါ'ဟု တစာစာဟစ်ကြွေးနေသော လူတစ်ယောက်၏အသံကို ရုတ်တရက်ကြားလိုက်ရသည်။ သားတော်သည် အသံကြားရာသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ မြေကြီးပေါ်တွင် လဲနေသော လူတစ်ယောက်ကို တွေ့ရသည်။ ထိုလူသည် သူ၏ဝမ်းဗိုက်ကိုနှိပ်ပြီး နာလွန်းမက နာနေသည်ဖြစ်၍ ဘယ်ဘက် လိမ့်လိုက်၊ ညာဘက်လိမ့်လိုက် ဖြစ်နေသည်။ ထဖို့ကြိုးစားလိုက်သည့်အခါတိုင်း ထိုလူသည် မြေကြီးပေါ် တစ်ဖန်လဲကျသွားသည်။ သူ၏ မျက်နှာနှင့်ကိုယ်ပေါ်တွင် အနက်စက်များ အပြည့်ရှိနေသည်။ တစ်ကိုယ်လုံး နာကျင်ခံခက်ဖြစ်နေသာကြောင့် ထိုသူသည် ငြိမ်ငြိမ်မနေနိုင်ရှာပေ။ အသက်ရှူနေသည်မှာလည်း ပုံမှန်မဟုတ်ပေ။ ထိုလူက လမ်းပေါ်လျှောက်သွားသူများကို အကူအညီတောင်းသည်။ သို့သော်လည်း မည်သူကမျှ သူ့ကိုလှည့်မကြည့်ဘဲ ဝေးရာသို့သာ ထွက်သွားသည်။


သိဒ္ဓတ္ထမင်းသားသည် စိတ်ထိခိုက်သွားပြီးလျှင် ထိုလူအနီးသို့ရောက်အောင် ခပ်မြန်မြန်သွားသည်။ ဆန္နက သားတော်၏လက်ကို ဖမ်းဆွဲဖို့ ကြိုးစားသည်။ သို့သော်လည်း ဆန္နသည် သားတော်ကို မတားနိုင်ခဲ့ပေ။ သားတော်သည် ထိုလူကို မပြီး ထိုလူ၏ဦးခေါင်းကို သူ၏ ဒူးပေါ်တွင်တင်လျက် ဦးခေါင်းကို ညင်သာစွာ ပွတ်သပ်ပြီးလျှင် 'ဘာဖြစ်နေတာလဲ မိတ်ဆွေ'ဟု မေးလိုက်သည်။ ထိုသူက တစ်စုံတစ်ခု ပြန်ပြောဖို့ ကြိုးစားသည်။ သို့သော်လည်း စကားတစ်လုံးမှ ထွက်မလာဘဲ ငိုနေရှာသည်။

'သားတော် . . . ကမ္ဘာပေါ်၌ရှိသော လူတိုင်းလူတိုင်း ယခုလို နာမကျန်းဖြစ်ရသည်မှာ ဓမ္မတာဖြစ်သည်။ ကျွန်ုပ်တို့အားလုံး တစ်ချိန်ချိန်တွင် တစ်နေရာရာ၌ ရောဂါဝေဒနာစွဲကပ်ပြီး ဝေဒနာခံစားကြရလိမ့်မည်။ လူတိုင်း လူတိုင်း ရောဂါဝေဒနာ ခံစားကြရလိမ့်မည်'။

ဆန္နက ဤသို့ပြောပြသောအခါ သိဒ္ဓတ္ထမင်းသားသည် လူတိုင်းလူတိုင်း ခံစားရမည့် ယင်းဝေဒနာ လက္ခဏာကို သိရှိရသည့်အတွက် အကြီးအကျယ် စိတ်မချမ်းမသာ ဖြစ်သွားသည်။ သားတော်သည် ရှေ့ဆက်သွားလိုစိတ် မရှိတော့ဘဲ နန်းတော်သို့ လှည့်ပြန်လာသည်။



mgyoe.com



mgyoe.com

## ၁၂။ တတိယနိမိတ်ကြီး သူသေ

အချိန်ကာလ လေးလကြာသွားပြန်သည်။ သိဒ္ဓတ္ထမင်းသားသည် မြို့သူမြို့သားများ၏ ဘဝကို ထပ်မံကြည့်လိုသောကြောင့် နန်းတော်အပြင်ဘက် ထွက်လိုသည့် ဆန္ဒဖြစ်လာပြန်သည်။ သုဒ္ဓေါဒနမင်းကြီးသည် သူ၏ သားတော်ကို နန်းတော်အပြင်ဘက် မထွက်အောင် တားမြစ်ပိတ်ပင်ခြင်းအားဖြင့် သားတော်သာလျှင် အလိုမကျဖြစ်လိမ့်မည်ဟု တွေးတောစဉ်းစားသည်။

သိဒ္ဓတ္ထမင်းသားသည် ကြေးရတတ်မိသားစု သားလုလင်တစ်ယောက် အယောင်ဆောင်ပြီးလျှင် ဆန္နကို ခေါ်လျက် နန်းတော်ကထွက်လာပြီး ကပိလဝတ်မြို့တော်တစ်လျှောက် လှည့်ပတ်ကြည့်ရှုသည်။ လမ်းပေါ်တွင် လျှောက်သွားနေစဉ် လမ်းပေါ်၌ လူတစ် စီတန်းလျှောက်လာသည်ကို တွေ့မြင်ရသည်။ ရှေ့က လူနှစ်ယောက်၊ နောက်က လူနှစ်ယောက် ထမ်းစင်တစ်ခုကို ထမ်းလာသည်။ ထမ်းစင်ပေါ်တွင် အရိုးပေါ်အရေတင်နေသော လူတစ်ယောက် မလှုပ်မယှက် ငြိမ်ငြိမ်သက်သက် လဲလျောင်းနေပြီး ကိုယ်ပေါ်တွင် အဝတ်ဖုံးလွှမ်းထားသည်။ တစ်ချို့က မျက်နှာအမူအရာ မသာမယာဖြင့် နောက်က လိုက်ပါလာကြကြီး ယင်းတို့ထဲကတချို့မှာ စိတ်ကို မထိန်းနိုင်ကြတော့ဘဲ ငိုကြွေးမြည်တမ်းကြသည်။ သို့သော်လည်း သူတို့သည် သူတို့သွားရမည့်နေရာသို့ရောက်အောင် ဆက်လျှောက်သွားကြသည်။


ဘုရင့်သားတော်က 'ဆန္န. . . ဘယ်လိုအရာဖြစ်သနည်း'ဟု မေးသည်ဖြစ်၍ ဆန္နက ပြန်ဖြေသည်။ 'သူသေလို့ ခေါ်ပါ၏။ သူ သေဖြစ်ပါ၏။ သူသေသည် သိနိုင်သည့်စွမ်းအားလည်း မရှိတော့ပေ။ ပြုံးနိုင်သည့် စွမ်းအားလည်း မရှိတော့ပေ။ သူ၏ဆွေမျိုးများက သူ့ကို မီးသင်္ဂြိုဟ်ရန် သုသာန်သင်္ချိုင်းသို့ ခေါ်ဆောင်သွားကြခြင်းဖြစ်သည်။ သုသာန်၌ သင်္ဂြိုဟ်ပြီးသောအခါ သေသူနှင့်ကျန်ရစ်သူများ တစ်ယောက်နှင့်တစ်ယောက် တွေ့မြင်ရတော့မည် မဟုတ်ပေ။ ထို့ကြောင့် ငိုကြွေးမြည်တမ်းနေခြင်း ဖြစ်၏'။

သုသာန်သင်္ချိုင်း၌ အသုဘပို့သူများသည် သူသေကို ထင်းပုံပေါ်မှာတင်ပြီး မီးသင်္ဂြိုဟ်လိုက်ကြသည်။ သားတော်သည် ယင်းမြင်ကွင်းကို မြင်ရသည့်အတွက် အကြီးအကျယ် ထိခိုက်တုန်လှုပ်သွားသည်။ အိပ်မက်များ မက်နေသလားဟု သားတော်သည် သူ၏မျက်လုံးကို လက်ဖြင့်ပွတ်သပ်ကြည့်သည်။

'သားတော်၊ အသက်ရှင်နေသူ မည်သူမဆို တစ်နေ့ကျလျှင် ကွယ်လွန်သေဆုံးသွားရမှာ ဖြစ်သည်။ မရဏတရားကို မည်သူမျှရှောင်ရှား၍ မရဘဲ သေချိန်ရောက်လာလျှင် သေရမည်မှာ ဓမ္မတာဖြစ်၏။ မည်သူတစ်ဦးတစ်ယောက်မှ အစဉ်ထာဝရ အသက်ရှင်နေသည်ဟူ၍ မရှိပေ။ မည်သူမှ မရဏတရားက လွတ်မြောက်အောင်လုပ်၍လည်း မရပေ'

ဆန္နက ပြောပြလိုက်သည်။ ယင်းမြင်ကွင်းသည်လည်း သိဒ္ဓတ္ထမင်းသား၏ စိတ်နှလုံးကို အကြီးအကျယ် ထိခိုက်သွားစေသည်။ ရှေ့ဆက်ခရီးသွားလိုစိတ်မရှိဘဲ တိတ်ဆိတ်ငြိမ်သက်စွာ နန်းတော်သို့ ပြန်လာသည်။

mgyoe.com



mgyoe.com

## ၁၃။ စတုတ္ထနိမိတ်ကြီး ရဟန်း

နောက်တစ်ဖန် လေးလကြာသွားသောအခါ သိဒ္ဓတ္ထမင်းသားသည် သူ၏ခမည်းတော်အား ဘုရင့်ဥယျာဉ်တော်သို့ အပျော်ခရီးထွက်ဖို့အတွက် ခွင့်ပြုရန်တောင်းပန်ပြန်သည်။ ဘုရင်မင်းကြီးသည် သားတော်အနူးအညွတ်တောင်းပန်သည်ကို ငြင်းပယ်နိုင်သည့် စွမ်းအား မရှိပေ။

နေ့ကောင်းရက်သာ မင်္ဂလာနေ့တစ်နေ့၌ သိဒ္ဓတ္ထမင်းသားသည် ဆန္နနှင့်အတူ ဘုရင့်ဥယျာဉ်တော်သို့ ထွက်သွားသည်။ ဘုရင့်ဥယျာဉ်တော်သည် အလွန်တရာ လှပသာယာသည်။ အပွင့်ပွင့်ပြီး အသီးသီးနေသော တချို့သစ်ပင်များသည် လှပသာယာသော ပတ်ဝန်းကျင်ကို အလှဆင်ပေးနေသည်နှင့် တူနေသည်။

ဥယျာဉ်တွင်း၌ ထိုင်ပြီး ဥယျာဉ်၏ ရွှင်လန်းချမ်းမြေ့ဖွယ် ပတ်ဝန်းကျင်ကို ကြည့်ရှုနေစဉ် ပုဂ္ဂိုလ်တစ်ဦးကို တွေ့မြင်ရသည်။ ထိုပုဂ္ဂိုလ်သည် ဦးပြည်းကတုံးတုံးထားသည်။ မျက်နှာမှာ တောက်ပပြီး ကြည်ကြည်လင်လင် ရှိနေသည်။ လျှော်တေသင်္ကန်းကို ဝတ်ရုံထားပြီး တည်တည်ငြိမ်ငြိမ်ဣန္ဒြေရှိစွာဖြင့် ခြေလှမ်းလှမ်းနေသည်။

ဘုရင့်သားတော်သည် ထိုပုဂ္ဂိုလ်ကို တွေ့ရသောအခါ အံ့ဩသွားပြီးလျှင် အာရုံစူးစိုက်စွာဖြင့် ကြည့်လျက် မည်သည့်ပုဂ္ဂိုလ်မျိုး ဖြစ်သနည်းဆိုသည်ကို သိလိုသည့်ဆန္ဒ ပေါ်လာသည်။ မည်သည့်ပုဂ္ဂိုလ်မျိုးဖြစ်သနည်းဆိုသည်ကို စူးစမ်းလိုသည်ဖြစ်၍ ဘုရင့်သားတော်က ထိုပုဂ္ဂိုလ်ကို မေးလိုက်သည်။

'အရှင်သူမြတ်၊ အရှင်၏ ပုံပန်းသဏ္ဌာန်သည် တခြားလူများနှင့်မတူ တွဲပြားခြားနားမှုရှိနေသည်။ အရှင်၏ ဦးခေါင်းသည် အခြားလူများ၏ ဦးခေါင်းနှင့်မတူပေ။ အရှင်၏အဝတ်အစားသည် တခြားလူများ၏ အဝတ်အစားမျိုး မဟုတ်ပေ။ အရှင်သည် အမှန်စင်စစ်အားဖြင့် မည်ကဲ့သို့သောပုဂ္ဂိုလ် ဖြစ်သနည်း'

'အရှင့်သားတော်၊ ကျွန်ုပ်သည် ရသေ့ရဟန်းတစ်ပါး ဖြစ်၏။ မိမိ၏ ဆံပင်နှင့် မုတ်ဆိတ်ကိုလည်း ရိတ်ထား၏။ လျှော်တေသင်္ကန်းကို ဝတ်ပြီး လောကီလူ့ဘောင်က ခွာရှောင်ခဲ့သူဖြစ်၏။ စိတ်မချမ်းမြေ့ဖွယ် အကြောင်းများဖြစ်သော ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတရားများ ပျောက်ကင်းစေသော ဆေးကို ရှာမှီးရန်အတွက် လောကီအာရုံ ကာမဂုဏ်တရား အားလုံးကို စွန့်ပယ်ထားသူဖြစ်၏။ လောကီလူသားများ ခံစားရသော ဒုက္ခမှ လွတ်မြောက်စေသောနည်းလမ်းကို ရှာမှီးနေသူဖြစ်၏။ သက်ရှိသတ္တဝါအားလုံး၏ ကောင်းကျိုးဖြစ်ထွန်းပေါ်ပေါက်စေရန်အတွက် ကြိုးပမ်းအားထုတ်နေသူဖြစ်၏'။

ထိုရသေ့ရဟန်းက ပြန်ကြားပြောပြလိုက်၏။

ဘုရင့်သားတော်သည် လေးစားကြည်ညိုဖွယ်ကောင်းသော၊ ဣန္ဒြေသိက္ခာရှိသော ရသေ့ရဟန်းကို ဖူးတွေ့ရသည့်အတွက် အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ ထိုနေ့တွင် ဘုရင့်သားတော်သည် နန်းတော်သို့ မပြန်သေးဘဲ ဘုရင့်ဥယျာဉ်တော်၌ တိတ်ဆိတ်ငြိမ်သက်စွာ ဆက်လက်၍နေသည်။ ရသေ့ရဟန်းတစ်ပါး၏ စင်ကြယ်မြင့်မြတ်သော ပုံပန်းသဏ္ဌာန်ကို စိတ်ပါဝင်စား မြင်ယောင်နေသည်။

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com

## ၀၄။ ထွက်တော်မူ နန်းက စွာပြီ

ဘုရင့်ဥယျာဉ်တော်တွင် ရှိနေစဉ်အတွင်း နန်းတော်မှ တမန်တော်တစ်ယောက် ရောက်လာပြီး ဘုရင့်သားတော်အား'ယသောဓရာ မိဖုရား သားတော်လေး ဖွားမြင်လာသည်'ဆိုသည့်အကြောင်း သံတော်ဦးတင်သည်။ သားတော်ဖွားမြင်လာသည်ဆိုသည့် သတင်းကို ကြားရသောကြောင့် သိဒ္ဓတ္ထမင်းသား၏ နှုတ်မှ 'ငါ့အတွက် အဟန့်အတားတစ်ခု ထွန်းကားလာသည်။ ကြီးမားသော အနှောင့်အဖွဲ့တစ်ခု ဖြစ်ပေါ်လာသည်'ဟု စကားပြောသံ ထွက်သွားသည်။ သိဒ္ဓတ္ထမင်းသား၏ ယင်းမှတ်ချက်ကို အကြောင်းပြုလျက် သားတော်ကလေး၏အမည်သည် 'ရာဟုလ'ဟု တွင်သွားခြင်းဖြစ်သည်။

နန်းတော်တွင်း၌ ထိုညတွင် တူရိယာဂီတများဖြင့်လည်းကောင်း၊ ကချေသည်များဖြင့်လည်းကောင်း၊ သီချင်းသည်များဖြင့်လည်းကောင်း သိဒ္ဓတ္ထမင်းသားကို ဖျော်ဖြေကြသည်။ သို့ရာတွင် သိဒ္ဓတ္ထမင်းသားသည် မကြာမီအတောအတွင်း၌ပင် အိပ်ပျော်သွားသည်။ သိဒ္ဓတ္ထမင်းသားကို ဖျော်ဖြေနေသော မောင်းမမိဿံများသည် ဘုရင့်သားတော် အိပ်ပျော်သွားသောကြောင့် သူတို့၏ ဖျော်ဖြေသောအလုပ်ကို ရပ်ဆိုင်းပြီးလျှင် သူတို့လည်း ကြမ်းပြင်ပေါ်၌ တုံးလုံးပက်လက် အိပ်ပျော်သွားကြသည်။

ညဥ့်နက်သန်းခေါင်အချိန်၌ သိဒ္ဓတ္ထမင်းသားသည် အိပ်ရာက နိုးလာသည်ဖြစ်၍ တုံးလုံးပက်လက်ဖြစ်နေသော မောင်းမမိဿံများကို တွေ့မြင်ရသည်။ သုသာန်သင်္ချိုင်းမြေပုံတိုင်း၌ ရှိနေသော လူသေကောင်များနှင့် တူနေသည့် ယင်းမြင်ကွင်းကို တွေ့မြင်ရသောအခါ သိဒ္ဓတ္ထမင်းသားသည် သံဝေဂတရား ရရှိသွားပြီးလျှင် ထီးနန်းစည်းစိမ်ကို စွန့်လွှတ်ရန် အခိုင်အမာ ဆုံးဖြတ်ချက်ချလိုက်သည်။ ထို့နောက် ဘုရင့်သားတော်သည် ဆန္နကိုနှိုးလျက် 'ယခုညပင် ငါ လောကီလူ့ဘောင်က စွန့်ခွာတော့မည်။ အသံမကြားအောင် ခပ်မြန်မြန် ခပ်သုတ်သုတ်သွားပြီး ငါ၏ ကဏ္ဍကမြင်းကို အသင့်ပြင်ဆင်ပါ'ဟု အမိန့်ပေးလိုက်သည်။ ယင်းသို့ အမိန့်ပေးပြီးလျှင် ဘုရင့်သားတော်သည် သူ၏ဖွားသစ်စသားတော်ကလေးကို ကြည့်လိုသည်ဖြစ်၍ ယသောဓရာ၏ ခန်းဆောင်သို့သွားသည်။ သို့ရာတွင် ယသောဓရာ၏လက်သည် သားတော်ကလေး၏ ဦးခေါင်းပေါ်တင်ထားပြီး သားတော်ကလေး၏ မျက်နှာကို ဖုံးထားသည်။


ဘီစီ ၅၉၄ ခုနှစ်၊ ဝါဆိုလပြည့်နေ့ ညဥ့်သန်းခေါင်ယံ၌ သိဒ္ဓတ္ထမင်းသားသည် ကဏ္ဍကမြင်းဖြူကို စီးလျက် ဆန္နကို ခေါ်ခဲ့ပြီးလျှင် ထီးနန်းဆောင်က ထွက်လာသည်။ သို့ရာတွင် ဝင်းတံခါး၏အနီး၌ မာရ်နတ်က သိဒ္ဓတ္ထမင်းသားကို တားလျက်'လုလင်သားတော်၊ လောကီလူ့ဘောင်က စွန့်ခွာမသွားပါနှင့်၊ ယနေ့မှ အစပြုပြီးနောက် ရက်သတ္တတစ်ပတ်ကြာသောအခါ၌ အသင်သားတော်သည် စကြဝတေးမင်း ဖြစ်လိမ့်မည်။ မိမိ ထီးနန်းဆောင်ကို ပြန်သွားပါ'ဟု ပြောလိုက်သည်။

သားတော်က ရဲဝံ့ပြတ်သားစွာ ပြန်ပြောလိုက်သည်။

'အသင်မာရ်နတ် . . ဤနေရာက ဆုတ်ခွာသွားလော့။ စကြဝတေးမင်း ဖြစ်လိုသည်ဆန္ဒ ငါ၌ လုံးဝ မရှိ။ သမ္မာသမ္ဗုဒ္ဓ ဗုဒ္ဓစင်စစ် ဧကန်ဖြစ်ဖို့ အရေးသည် ငါ့အတွက် အမြင့်ဆုံးရည်မှန်းချက်ဖြစ်၏။ သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်ပြီးသောအခါ ငါသည် ဝေနေယျသတ္တဝါများအား ဒုက္ခနွံအတွင်းက လွတ်ကင်းအောင် အကူအညီပေးမည်။ နိဗ္ဗာန်သို့ ရောက်ရှိရန်အတွက် နည်းပေးလမ်းပြ ပြုလုပ်မည်'။



mgyoe.com



mgyoe.com

mgyoe.com

## ၁၅။ ဆံတော်ကို ဝယ်

ဘုရားအလောင်းသည် ကန္တကမြင်းဖြူကို စီးလျက် ညတွင်းချင်းပင် ယူဇနာသုံးဆယ်ဝေးသော ခရီးတစ်လျှောက် သကျ၊ ကောလိယ၊ မလ္လ သုံးပြည်ထောင်ကို ကျော်သွားသည်။ အရုဏ်တက်ချိန်တွင် အနောမာမြစ်သို့ ရောက်သွားပြီးလျှင် ကန္တကမြင်းသည် တစ်ဖက်ကမ်း ခုန်ကူးလိုက်သည်။


မြစ်၏ နာမည်ကို သိရသောအခါ ဘုရားအလောင်းသည် 'ငါ၏ နိက္ခမပါရမီ တောထွက်ခြင်းအလုပ်သည် အဆင့်နိမ့်သောအလုပ် မဟုတ်ဘဲ အဆင့်အမြင့်ဆုံးအလုပ် ဖြစ်ပါစေသား'ဟူ၍ ဆန္ဒပြုလိုက်သည်။ ထို့နောက် ဘုရားအလောင်းသည် သူ၏ရှည်လျားသောဆံပင်ကို ဖြတ်လျက် 'အကယ်၍ ငါသည် သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ်ကေန်ဖြစ်မည်ဆိုလျှင် ငါ၏ ဆံပင်သည် ကောင်းကင်၌ တည်နေပါစေ၊ အကယ်၍ သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ်ကေန်မဖြစ်ဘူးဆိုလျှင်မူ ပထဝီမြေကြီးပေါ် ကျလာပါစေ'ဟု အဓိဋ္ဌာန်ပြုပြီးလျှင် သူ၏ဆံပင်ကို ကောင်းကင်ပေါ် ပစ်တင်လိုက်ရာ ဆံပင်သည် ကောင်းကင်ပေါ်တွင် တည်ရှိနေသည်။ ထို့နောက် နတ်တို့၏ဘုရင် သိကြားမင်းသည် ဘုရားအလောင်း၏ ဆံပင်ကို ရတနာကြုပ်ဖြင့်ထည့်ယူပြီး စူဠာမဏိစေတီတွင် ဌာပနာထားလိုက်သည်။ ဘုရားအလောင်း၏ ဆံပင်သည် လက်နှစ်သစ်ကျန်ရှိပြီး ပရိနိဗ္ဗာန်ဝင်ချိန်အထိ ရှည်မလာဘဲ ထိုအတိုင်းပင် ရှိနေသည်။

ထို့နောက် ဃဋိကာရ ဗြဟ္မာသည် ရဟန်းတစ်ပါး၏ ပရိက္ခရာရှစ်ပါးဖြစ်သော နှစ်ထပ်သင်္ကန်း၊ ကေသီ၊ သင်းပိုင်၊ သပိတ်၊ ပဲကွပ်၊ အပ်၊ ခါးပန်းကြိုး၊ ရေစစ်များကို ယူဆောင်လာပြီးလျှင် ဘုရားအလောင်းအား ပေးအပ်သည်။ သင်္ကန်းကို ဝတ်ရုံပြီးလျှင် ဘုရားအလောင်းသည် သူ၏ဝတ်လဲတော်များကို ကောင်းကင်ပေါ် ပစ်တင်လိုက်သည်။ ဃဋိကာရဗြဟ္မာက ဝတ်လဲတော်များကို ဆီးယူပြီးလျှင် အကနိဋ္ဌဗြဟ္မာဘုံ၌ရှိသော ဒုဿစေတီတွင် ဌာပနာထားလိုက်သည်။

ဘုရားအလောင်းသည် ရဟန်းတစ်ပါးဖြစ်လာပြီးလျှင် ဆန္နအား ဤသို့ညွှန်ကြားပြောဆိုသည်။

'ဆန္န. . . ငါတို့တစ်ယောက်နှင့်တစ်ယောက် ခွဲခွာဖို့အချိန်ရောက်လာပြီ။ ငါ၏ မင်းမြောက်တန်ဆာများကို ယူပြီးလျှင် ကန္တကမြင်းနှင့်အတူ ကပိလဝတ်သို့ ပြန်သွားလော့။ ငါ၏ ခမည်းတော်၊ ငါ၏မယ်တော်၊ ငါ၏ ကြင်ယာဒေဝီတို့ကို ငါ ကျန်းမာပကတိ ချမ်းသာစွာ ရှိနေသည်ဆိုသည့်အကြောင်း ပြောပြပါလော့'

mgyoe.com


KYAW PHYU SAN
17/2/2003

mgyoe.com

## ၁၆။ ဗိမ္ဗိသာရ၏ ကတိလျှော်ချက်ကို ငြင်းပယ်ခြင်း

ဘုရားအလောင်းသည် အနောမာမြစ် မနီးမဝေးရှိ အနုပိယသရက်ဥယျာဉ်၌ ရက်သတ္တတစ်ပတ်ကြာမျှ နေသည်။ ရှစ်ရက်မြောက်နေ့ကျသောအခါ ဘုရင်ဗိမ္ဗိသာရ စိုးမိုးအုပ်ချုပ်သော မဂဓတိုင်းပြည်၏ နေပြည်တော်ဖြစ်သော ရာဇဂြိုဟ်မြို့သို့ ထွက်ခွာသွားသည်။

ဘုရားအလောင်း ရာဇဂြိုဟ်မြို့တွင်း ဝင်ရောက်သွားသောအချိန်မှာ နံနက်ခင်းအချိန်ဖြစ်သည်။ ဘုရားအလောင်းသည် ရာဇဂြိုဟ်မြို့ရှိ လမ်းများပေါ်တွင် တစ်အိမ်ပြီးတစ်အိမ် ဆွမ်းခံကြွသည်။ အချိန်အနည်းငယ်အတောအတွင်း၌ပင် ရာဇဂြိုဟ်မြို့သူမြို့သားများသည် ဘုရားအလောင်း၏ ထူးထူးခြားခြား ကြည်ညိုဖွယ် အသွင်အပြင်အကြောင်း ပြောရ၍မဆုံးဖြစ်နေကြသည်။ မင်းချင်းယောကျ်ားတစ်ယောက်က ဘုရားအလောင်း၏အကြောင်းကို ဘုရင်ဗိမ္ဗိသာရအား လျှောက်ထားပြောကြားသောအခါ ဘုရင်ဗိမ္ဗိသာရက သူ၏အမတ်ကြီးများကို 'အာဂန္တုရသေ့ရဟန်း၏နောက် လိုက်သွားကြပြီး သူ ဘာလုပ်သည်ဆိုသည်ကိုလည်းကောင်း၊ မည်သည့်နေရာ၌နေသည်ကိုလည်းကောင်း အတိအကျစုံစမ်းရမည်'ဟု ညွှန်ကြားလိုက်သည်။ ဆွမ်းခံပြီးသောအခါ ဗောဓိသတ္တဘုရားလောင်းသည် မြို့ထဲက ထွက်လာပြီးနောက် ပဏ္ဍဝတောင် သစ်ပင်တစ်ပင်အောက်၌ ခံယူရရှိလာသော ဆွမ်းဘောဇဉ်ကို မှီဝဲသည်။ ဘုရင်မင်းကြီး အကြည့်ခိုင်းသော အမတ်ကြီးများသည် ဘုရင်မင်းကြီးထံ ပြန်သွားပြီး မြင်တွေ့ခဲ့ရသည်ကို ပြောပြသောအခါ ဘုရင်မင်းကြီးသည် အကျိုးအကြောင်းသိလိုသည်ဖြစ်၍ ကိုယ်တိုင်သွားလျက်'သင်သည် နုနယ်ပျိုမျစ်အရွယ် ငယ်သေးသူဖြစ်၏။ သင် မည်သည့်တိုင်းပြည်က လာသနည်း။ မည်သည့်မျိုးနွယ်နည်း'ဟု မေးမြန်းစုံစမ်းကြည့်သည်။

ဘုရင်မင်းကြီး၏ အမေးစကားကို ကြားရသောအခါ ဘုရားအလောင်းက ပြန်လည်ဖြေကြား၏။ 'ကျွန်ုပ်သကျတိုင်းပြည်က လာသည်။ ကျွန်ုပ်၏ အမည်မှာ သိဒ္ဓတ္ထဖြစ်၏။ အနွယ်က ဂေါတမအနွယ်၊ ကျွန်ုပ်သည် သမ္မာသမ္ဗုဒ္ဓဖြစ်အောင် ကြိုးစားနေသော ရဟန်းတစ်ပါးဖြစ်၏။ သမ္မာသမ္ဗုဒ္ဓဖြစ်လာခဲ့သော် ဝေနေယျသတ္တဝါများအား ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဘေးက ကင်းဝေးလွတ်မြောက်သွားအောင် အကူအညီပေးနိုင်လိမ့်မည်'


ဗိမ္ဗိသာရဘုရင်က 'အရှင် . . . ကျွန်ုပ်တိုင်းပြည်၌ လာနေပါ။ ကျွန်ုပ်ပိုင်သော တိုင်းပြည်တစ်ဝက်ကို ခွဲဝေပေးမည်။ ဘုရင်အဖြစ်နှင့် အုပ်ချုပ်မင်းလုပ်ပါ'ဟု ပြောသည်။ သို့သော်လည်း ဘုရားအလောင်းက ကြည်ကြည်သာသာနှင့် ငြင်းပယ်လိုက်သည်။ ဘုရင်မင်းကြီးက သူ၏ဆန္ဒကို တင်ပြပြန်သည်။


'အရှင်သူမြတ်သည် သမ္မာသမ္ဗုဒ္ဓ ဧကန်စင်စစ်ဘုရားဖြစ်လိမ့်မည်ဟု ကျွန်ုပ် ယုံကြည်၏။ ဗောဓိဉာဏ်အပြည့်အဝ ရရှိလျှင် ရရှိချင်း ကျွန်ုပ်၏ တိုင်းပြည်သို့ ပထမဦးစွာ ကြွလာစေချင်ပါ၏'။

ဘုရားအလောင်းထံမှ ကြွလာပါမည်ဟု ဝန်ခံကတိရရှိသောအခါ ဘုရင်မင်းကြီးသည် နန်းတော်သို့ ပြန်ကြွသွားသည်။



mgyoe.com






mgyoe.com



mgyoe.com

mgyoe.com



ရေကြောင့် ထိခိုက်မသွားသော
ချစ်စရာကြာပန်းကဲ့သို့
ငါသည် လောကတည်းဟူသော
အကြောင်းကြောင့်
ထိခိုက်မသွားပေ။
ထို့ကြောင့် ဒို...ဗြာဟ္မဏ
ငါသည် ဗုဒ္ဓဖြစ်လေ၏။



mgyoe.com

mgyoe.com

## ၀၇။ အာဠာရကာလာမနှင့် ဥဒကရာမပုတ္တ

ဘုရားလောင်းသည် ပရမတ္ထသစ္စာတရားကို ရှာမှီးရန် ဦးစွာပထမ အာဠာရကာလာမရသေ့၏ သခ်မ်းကျောင်းသို့ သွားပြီးလျှင် အာဠာရကာလာမကို ဆရာတင်လျက် ဘာဝနာတရား ပွားများအားထုတ်သည်။ အာဠာရ ကာလာမသည် ဘုရားအလောင်းကို ဈာန်တရားနှင့် ပတ်သက်ပြီး အလေ့အကျင့်ပြုလုပ်ရန် သင်ပြသည်။

ဘုရားအလောင်းသည် လုံ့လဝီရိယစိုက်လျက် ကြိုးစားအားထုတ်သည်ဖြစ်၍ ရက်အနည်းငယ်အတော အတွင်းမှာပင် အာဠာရကာလာမ သိမြင်သော ဈာန်တရားကို ရရှိသွားသည်။ သူသင်ပြပေးသော ဈာန်တရား ရရှိသွားသည်ဆိုသည့်အကြောင်း ကြားရသောအခါ အာဠာရကာလာမသည် ဝမ်းသာအားရဖြစ်သွားပြီးလျှင် 'ကျွန်ုပ်နှင့်အတူတကွ ကျွန်ုပ်တပည့်ပရိသတ်ကို ဆရာတစ်ဦးအဖြစ်နှင့် သင်ကြားပြသပေးပါလား'ဟု ပြောကြားသည်။ ယင်းသို့အားဖြင့် အာဠာရကာလာမသည် ဘုရားအလောင်းအား သူနှင့်တန်းတူရည်တူအဆင့် ထားလိုက်သည်။

အာဠာရကာလာမထံမှ သင်ယူတတ်မြောက်ခြင်းသည် ဇာတိနှင့်မရဏ၊ ဇရာနှင့် ဗျာဓိ ပြဿနာများ၏ အဖြေမဟုတ်သည်ကို တွေ့ရသောကြောင့် ဘုရားအလောင်းသည် မကျေမနပ်ဖြစ်သွားသည်။ အာဠာရကာလာမ ပေးအပ်သော ဂုဏ်ထူးဝိသေသကိုလည်း ငြင်းပယ်ပြီးလျှင် သစ္စာတရားဆက်လက်ရှာမှီးရန် အာဠာရကာလာမထံမှ ခွဲခွာလာခဲ့သည်။


ထို့နောက် ဘုရားအလောင်းသည် ဥဒကရာမပုတ္တ၏ သခ်မ်းကျောင်းသို့ ရောက်သွားသည်။ ဥဒကက သူ၏ဖခင်ထံမှရရှိထားသော နေဝသညာနာသညာဈာန်တရားကို ဘုရားအလောင်းအား သင်ကြားပြသပေးသည်။

ဘုရားအလောင်းသည် ဥဒကကိုယ်တိုင် နားလည်သဘောမပေါက်သေးသော ဈာန်တရားနှင့် ပတ်သက်သည့်အဆင့်ကို အချိန်မကြာခင် နားလည်သဘောပေါက်သွားသည်။ ဘုရားအလောင်း၏ အောင်မြင်မှုကို သိရှိရသောအခါ ဥဒကသည် ဘုရားအလောင်းအား 'ငါ၏ တပည့်တပသီအစုအဝေးကို သင်လည်း ဆရာတစ်ဆူအဖြစ် သင်ကြားပြသပေးစေချင်သည်'ဟူ၍ ပန်ကြားသည်။

သို့သော်လည်း ဗောဓိသတ္တသည် မကြာခင်အတောအတွင်း၌ပင် နောက်ဆုံးအဆင့်သို့ မိမိမရောက်ရှိသေးဆိုသည့်အကြောင်းကို နားလည်သဘောပေါက်သွားသည်။ မိမိရှာမှီးနေသော သစ္စာတရားကို မည်သူမျှ မိမိကို သင်ကြားပေးနိုင်စွမ်း မရှိဟူ၍လည်း သိရှိသွားသည်။ လောကီဈာန်များကို ရရှိသည့်အတွက် တင်းတိမ်ရောင့်ရဲခြင်းမရှိသော ဘုရားအလောင်းသည် ဥဒကရာမပုတ္တ၏ သခ်မ်းကျောင်းမှ ထွက်ခွာလာခဲ့သည်။



mgyoe.com



mgyoe.com
mgyoe.com